# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၆) ရက်၊ တနင်္လာနေ့ ၊ (7-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယကျောက်စာရုံစေတီများကို အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်



**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို

စာမျက်နှာ ၁၈ ကော်လံ ၄ သို့

အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသည့် မာရဝိဇယကျောက်စာရုံစေတီများကို ကြည်ညိုဖွယ်ရာတွေ့ရစဉ်။

# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော် စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲနောက်ဆုံးနေ့ ပါဝင်ဆင်နွှဲသူအများပြည်သူတို့ဖြင့် စည်ကား

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော် စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သော ယနေ့တွင် စားသောက်ကုန်ပစ္စည်းဝယ်ယူသူ၊ပွဲတော်မှ ရောင်းချပေးသည့် အစားအစာနှင့် စတုဒိသာစားသုံးသူ၊ **E-Sport Game**နှင့် **Entertainment Zone** တို့တွင် ကြည့်ရှုအားပေးသူ၊ စက်မှုထုတ်ကုန်ပစ္စည်းများဝယ်ယူသူ၊ လျှပ်စစ်ကား(EV)ပြခန်းတို့တွင် လေ့လာသူ၊ ရေပန်းဥယျာဉ်၌ အပန်းဖြေသူတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့






ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင်ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၇ ရက်
အယ်ဒီတာ့အာဘော်

# ထာဝရကုသိုလ် သစ်ပင်စိုက်ပျိုး

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူပြုစေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင် စိုက်ပျိုးပြီးဖြစ်သည်ကို တွေ့ရသည်။

**"ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ် ခြောက်ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်ပါကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ရေပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်ပါကြောင်း၊"** ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဥယျာဉ်စိမ်းလန်းစိုပြည်သာယာပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စိတ်ကြည်လင်အေးချမ်းစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင် စသည့် သစ်မျိုး ၁၇ မျိုး၊ အပင်ပေါင်း ၂၁၈၁ ပင်ကို စိုက်ပျိုးခဲ့သည်။

သစ်ပင်များစိုက်ပျိုးရာတွင် မိုးကြိုကာလ၌ နေရာဒေသအလိုက် သစ်ပင်များစိုက်ပျိုးကြသကဲ့သို့ မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လတို့တွင်လည်း သစ်ပင်များစိုက်ပျိုးကြသည်။ ယခုကဲ့သို့ မိုးကာလရောက်တိုင်း သက်ဆိုင်ရာဌာနအသီးသီးတို့က ပုံစံအမျိုးမျိုးဖြင့် သစ်ပင်များစိုက်ပျိုးကြသည်။ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလမ်းစိုပြည်ရေးဦးစီးဌာနတို့အနေဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအပြင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ နှစ်စဉ်လျာထားချက်ပြည့်မီရေး မိုးကာလတွင် အလေးထားစိုက်ပျိုးကြသည်။

သို့ဖြစ်ရာ သစ်တောသစ်ပင်များသည် ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများစွာကို ပံ့ပိုးပေးလျက်ရှိသည့်အပြင် သက်ရှိလောကတည်မြဲစေရန်၊ ရာသီဥတုမျှတရန်၊ ထာဝရကုသိုလ်ရယူရန် စသောအကျိုးကျေးဇူးများကိုလည်း သစ်တော၊ သစ်ပင်များက ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တော၊ သစ်ပင်များထိန်းသိမ်းခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းတွင် ပြည်သူတစ်ရပ်လုံးက တက်ကြွစွာဝိုင်းဝန်းပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၇၄၈၃၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ မိုးရွာ၊ နေပူရင်လဲ ဘုရားဖူးတွေ မချော်အောင်၊ ခြေမပူအောင် အခင်းတွေပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အေးဆေးစွာ အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရအပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက အေးဆေးစွာ အနားယူပြီးတော့ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၀၈၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၇၁၂၁၄ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၅၃၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဩဂုတ် ၆**

မန္တလေး ဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို တရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုတစ်လော ပြည်ပမှ ကုန်သည်များက သကြားဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်ယူမှုများပြားလာခြင်းကြောင့် သကြားများ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုတစ်လော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေ ရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လနောက်ဆုံးပတ်က သကြားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန် နည်းပါးသွားတာမျိုးတွေတော့ မရှိပါဘူး။ နောက်ပိုင်းဒီထက်ပိုပြီး သကြားအဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်"ဟု သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးရှိ သမဝါယမအသင်းသားများကို လယ်ယာသုံးစက်ကိရိယာ ၁၂ စီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးထား

**မန္တလေး ဩဂုတ် ၆**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်ရှိ သမဝါယမအသင်းသားများကို ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ Daedong အမျိုးအစား ၁၂ စီးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ လယ်ယာသုံးစက် ကိရိယာ Daedong အမျိုးအစားများကို သမဝါယမအသင်းသားများ ကြိုက်နှစ်သက်သည့် စက်အမျိုးအစားအလိုက် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းစနစ်ဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်း၊ ရောင်းချပေးရာတွင် DT-100 N၊ CK- 2810၊ DS-3510၊ DS -4110၊ DS-4510၊ EX- 50 HP၊ RX-7620 စသည့် စက်များကို ဧပြီလမှစ၍ ရောင်းချပေးခဲ့ရာ ယနေ့အချိန်ထိ စုစုပေါင်းလယ်ယာသုံးစက် ၁၂ စီးကို ရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

"စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်ထဲမှာ ၂၅ စီး ရောင်းချပေးသွားမှာပါ။ လက်ရှိအချိန်ထိ လယ်ယာသုံးစက် ၁၂ စီး ရောင်းချပေးထားပါတယ်။ ကျန်ရှိနေသေးတဲ့ လယ်ယာသုံးစက် ၁၃ စီးကိုလဲ ဆက်လက်ရောင်းချပေးနေပါတယ်။ အရစ်ကျစနစ်နဲ့ကော၊ လက်ငင်းစနစ်နဲ့ပါ ရောင်းချပေးနေတာပါ။ မိမိကိုယ်ပိုင်လယ်ယာသုံးစက်တွေ ရှိကြတဲ့အတွက် အချိန်မီထွန်ယက်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ပါတယ်။ အသင်းသားတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးတဲ့သဘောပါ" ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ လယ်ယာသုံးစက်များကို ရောင်းချပေးခဲ့သည့်မြို့နယ်များမှာ အမရပူရ၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊မြစ်သား၊တံတားဦး၊မိတ္ထီလာ၊ မလှိုင်၊ တောင်သာ၊ ငါန်းဇွန်၊ ပျော်ဘွယ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ် ဝက်ချုပ်ကုန်း(မ)ကျေးရွာ၌

## မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ လက်ပံပျားကျေးရွာအုပ်စု ဝက်ချုပ်ကုန်း(မ)ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက ဝက်ချုပ်ကုန်း(မ)ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဝက်ချုပ်ကုန်း(မ)ကျေးရွာ၌ အလျားပေ ၂၀၀၊ အနံပေ ၁၀၀၊ အနက် ငါးပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးပေ ၈၀၀ ကာရံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၄ သန်းဖြင့် ဇူလိုင် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝက်ချုပ်ကုန်း(မ)ကျေးရွာရှိ အိမ်ခြေ ၁၁၇ အိမ်၊ လူ ၅၅၃ ဦးတို့ သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

**ကိုမြည်**

# နွားထိုးကြီးမြို့နယ် သာစည်လေးကျေးရွာ၌

## ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**နွားထိုးကြီး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်လေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်ယဉ်နု၊ ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာများက သာစည်လေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်ယဉ်နုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

သာစည်လေးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို စိန်ထွန်းမော်ကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၁၂၇သန်းဖြင့် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်ယဉ်နုက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း

## ငရုတ်သီးစိမ်းပိဿာချိန် ၁၂၀၀၀ တင်ပို့ခဲ့ရ



**ကျိုက်လတ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၁၂၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ငရုတ်သီးစိမ်း ပိဿာချိန် ၆၇၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၁၂၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငရုတ်သီးစိမ်းများ အရောင်းသွက်နေရခြင်းသည် ဒေသတွင် ယခုနှစ် ငရုတ်စိုက်သူ နည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းပြီး ဝယ်ယူမှုကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ငရုတ်သီးစိမ်း ဝယ်ယူမှုက အရင်ထက် တော်တော်လေးတက်လာပါတယ်။ ဒေသထွက် ငရုတ်တွေအထွက်နည်းလို့ ဝယ်ယူမှုကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက် ငရုတ်ကသန့်တယ်။ ဒါကြောင့် လူကြိုက်များတယ်။ ဒေသဈေးကွက်အပြင် ဖျာပုံနဲ့ ရန်ကုန်ဈေးကွက်ကိုလဲ ရောင်းချနေရပါတယ်။ တင်ပို့အားကောင်းသလို ဈေးကောင်းလဲရတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေတာတွေ့ရတယ်"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများကို ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်နှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးခြင်းအပြင် ငရုတ်စိုက်ပျိုးရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြကြောင်း၊ ယခုနှစ်နွေငရုတ်သီးခြောက် ပေါ်ချိန်ကလည်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ထိ ဈေးကောင်းရရှိခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပုံးမြို့နယ် ဟိုဆင်ကျေးရွာ၌

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဩဂုတ် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဟိုဆင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုဆင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဖြူးမြို့နယ် ကွာရီအနောက်ကျေးရွာ၌

## ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွာရီအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွာရီအနောက်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာတာဝန်ရှိသူများက ပိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် ကွာရီအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သန်း ၁၁၀ အသုံးပြုပြီး လမ်းအရှည်ပေ ၃၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ကိုညို**



# အောင်အတိတ်နှင့် အောင်နိမိတ်

**ချစ်နိုင်(စိတ်ပညာ)**

**"ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်ကြကုန်၍ အလှူဒါနကို ပေးလှူကြကုန်။**

**အစါမလပ် သီလကို စောင့်ရှောက်ကြကုန်လော့။ သမထဝိပဿနာဘာဝနာ၌ မျော်မိုက်ကြကုန်လော့"**

**ဂေါတမမြတ်စွာဘုရား**

**(ဘီစီ ၅၆၃-၄၈၃)**

**သင့်မှာရှိသည့် ထူးခြားစွမ်းရည်**

လူသားမှာ ထူးခြားသောစွမ်းရည်ရှိပေသည်။ မသိရသေးသောအခြင်းအရာ၊ အချက်အလက်များ များစွာရှိနိုင်သော်လည်း လူသမိုင်းတစ်လျှောက်တွင် တစ်ခေတ်ပြီးတစ်ခေတ်၊ တစ်ဆင့်ပြီးတစ်ဆင့် အသိပညာ၊ အတတ်ပညာများ တိုးပွားသိမြင်နားလည်လာခဲ့ကြသည်မှာ အံ့သြဖွယ်ရာပင်ကောင်းလေသည်။ လူသည် သက်ရှိတိရစ္ဆာန် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်များကို မိမိလိုသလို အသုံးချစေခိုင်းတတ်ခဲ့သည်။ ကား၊ ရထား၊ လှေ၊ သင်္ဘော၊ ရေငုပ်သင်္ဘော၊ လေယာဉ်ပျံ၊ ရဟတ်ယာဉ်၊ ဂြိုဟ်တု၊ ဒုံးပျံ စသည်တို့အပြင် တယ်လီဖုန်း၊ ရေဒီယို၊ ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ စက်ရုပ်လူသား၊ AI(Artificial Intelli- gence) ဉာဏ်ရည်အတု စသဖြင့် အတတ်ပညာများမြောင်ကို အောင်မြင်စွာတီထွင်အသုံးချနိုင်လာခဲ့သည်။ လူသမိုင်းသည် အသိဉာဏ်ဖွံ့ဖြိုးသော လူသားတို့စွမ်းရည်အဆင့်ဆင့် မြင့်မားလာခဲ့ပုံကို မှတ်တမ်းပြုသက်သေတင်နိုင်ခဲ့၏။ လူသား ဤမျှကြီးမားစွာ တိုးတက်ရခြင်းမှာ တစ်ဦးတစ်ယောက်တည်းက အစအဆုံး အကောင်အထည်ဖော်ခြင်းထက် ရှေ့လူ၏ တွေ့ရှိချက်ကို နောက်လူက ဆက်လက်၍လက်ဆင့်ကမ်းလုပ်ဆောင်ခြင်းသဘော၊ အသင်းအဖွဲ့ စုပေါင်းလုပ်ဆောင်ရန် တာဝန်သီးသီးသန့်သန့်ခွဲဝေကြပြီး တိတိကျကျ ပေါင်းစပ်ညှိနှိုင်းစီမံတတ်သော လူမှုဆက်ဆံရေးအသိပညာဖွံ့ဖြိုးတိုးတက်မှုကြောင့်လည်း အကြောင်းရင်းတစ်ရပ်လည်းပါဝင်၏။

သက်ရှိလောကတွင် တိရစ္ဆာန်အချင်းချင်း ဆက်ဆံရေးထက် လူသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ စာနာမှု၊ အနစ်နာခံမှု၊ သည်းခံခွင့်လွှတ်မှု၊ လိုက်လျောမှု၊ စွန့်လွှတ်မှု၊ အများအကျိုးအတွက် တစ်ဦးတစ်ယောက်က အနစ်နာခံလိုက်လျောစွန့်လွှတ်မှုမျိုး ပြုတတ်ခြင်း စသောလူမှုဆက်ဆံရေးအရည်အသွေးမြင့်မားခြင်း၏ စွမ်းအားသည်လည်း အရေးကြီးကြောင်း တွေ့ရှိရမည်။

သို့ရာတွင် လူတိုင်းက ဆက်ဆံရေးအသိရှိကြသည်ကားမဟုတ်။ စိတ်နေစိတ်ထား၊ သဘောထားအမြင်အလိုက် လူမှုဆက်ဆံရေးသဘောထားကောင်းနည်းပါးသူများ၊ လူသားအချင်းချင်း သူတစ်ပါးနှင့် အဆင်ပြေပြေ ပူးပေါင်းလုပ်ဆောင်နိုင်မှ အောင်မြင်ရသဖြင့် ကျေးဇူးရှိသော မိဘဆရာသမားတို့အား ရှိသေခြင်း၊ အလေးထားဦးစားပေးခြင်း စသော ဂါရဝ၊ နိဝါတတရားမျိုးကို မသိတတ်သူများ၊ လူလူချင်းစာနာထောက်ထားမှုကင်းစွာ ခက်ထန်မောက်မာကြမ်းတမ်းရန်ပြုနှိပ်စက်တတ်သူများလည်း ရှိတတ်ပေသေး၏။

**လူ့အမျိုးမျိုး**

လောကကြီးသည် အကောင်းချည်းရှိသည်မဟုတ်။

လောကကြီးတွင် အဆိုးများ၊ အညံ့များ၊ အဖျက်သဘောထားအမြင်နှင့် အနိုင်ယူဗိုလ်ကျချင်သော လူစားမျိုး ရှိတတ်ကြသည်သာ။ ကောင်းကျိုးရရှိရန် ကောင်းသောအပြုအမူကို အကြောင်းခံအဖြစ် ပြုလုပ်ရမည်ကိုလည်းကောင်း၊ ဆိုးကျိုးများမပေါ်ပေါက်ရစေရန် မိမိက ဆိုးယုတ်သောလုပ်ဆောင်မှုများ မပြုမိအောင် ရှောင်ရှားရမည်ကိုလည်းကောင်း (ကမ္မနိယာမ၊ ကံ-ကံ၏အကျိုးသဘောသဘာဝ) သိမြင်သဘောပေါက်ခြင်း မရှိကြသူများလည်း အလွန်ပေါများလှသည်။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဟု ဖောက်သူများရှိနေ၏။ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဟု ဆိုးရွားစွာ တစ်ကိုယ်ကောင်းဆန်သူမျိုးလည်း မရှားပေ။ လောကကြီးသည် မသိမမြင်မှု အဝိဇ္ဇာအမှောင်ထုစိုးမိုးလျက်ရှိနေသည်။ ဤအရှိတရားကို သိမြင်ထားရမည်။ လူသားများ မှားယွင်းမိုက်မဲပုံများမှာ အကုသိုလ်စိတ်ထားအရင်းခံတရားထဲမှာ နစ်မွန်းခြင်းကြောင့်ပင် မဟုတ်ပေလော။

မသိမမြင်မှု အမှောင်တိုက် အမိုက်အမှားများစိုးမိုးနေသော လောကကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ အချိန်ကာလက မီးရောင်ကို ရွှေရောင်ထင်မှတ်ကာ ဝိုင်းဝန်းတိုးဝှေ့နေကြကုန်သော ပိုးဖလံမျိုးကဲ့သို့ တပ်မက်စွဲလမ်းမှု တဏှာမီးကို တိုးနေကြသော လူသားများအတွက် အမှန်သိမြင်ကယ်တင်ဟောကြားသော မြတ်စွာဘုရားဂေါတမဗုဒ္ဓ(ဘီစီ ၅၆၃-၄၈၃) ပွင့်ထွန်းပေါ်ပေါက်လာခဲ့ပေသည်။

**ဝါဆိုလပြည့်**

ကာသိတိုင်း ဗာရာဏသီပြည်မှာ ဣသိပတနမိဂဒါဝုန်ဟူသော သမင်များကျက်စားရာ တောတစ်တော ရှိခဲ့လေသည်။ တစ်ခုသောဝါဆိုလပြည့်နေ့၏ ညနေခင်းဝယ် ထိုတောအုပ်အတွင်း သာယာအေးချမ်းလှသော အချိန်နေရာ၌ အရှေ့အရပ်မှ လပြည့်ဝန်းကြီးကလည်း ဝိုင်းဝိုင်းစက်စက်ပေါ်ထွက်လာစဉ်၊ အနောက်အရပ်တွင်လည်း နေမင်းကြီးက ညနေဆည်းဆာချိန် ရောင်နီထွန်းပလျက်ရှိနေစဉ် တရားရှာပုဂ္ဂိုလ်၊ တရားကျင့်ဖော်သူတော်ကောင်းငါးဦးအား ဓမ္မစကြာတရားဦး တရားထူးကို မြတ်စွာဘုရားရှင်က စတင်ဟောကြားတော်မူလေသည်။ ဤတရားသည် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာအတွက် လောကသုံးပါး ကောင်းကျိုးချမ်းသာတိုးပွားပြည့်စုံကြစေခြင်းအကျိုးငှာ စာမျက်နှာသစ်၊ အမှတ်စဉ်(၁) စတင်ဖွင့်လှစ်ခြင်းလည်းဆိုနိုင်ပါ၏။

၁။ **လမ်းမှန်ညွှန်ပြ ဂုဏ်ကိုးဝနင့်ပြည့်စုံတော်မူသော ကိုးကွယ်ရာ ဘုရားရတနာ၊ (လူသားဗုဒ္ဓ)**

၂။ **မြင့်မြတ်ထူးခြား လိုက်နာကျင့်သုံးကြသူမှန်သမျှအား ချမ်းသာသုခ အေးငြိမ်းခြင်း အပြည့်အဝရစေနိုင်သော သွာကျာတောစသည့်ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသော အားထားရာ တရားရတနာ၊**

၃။ **မြတ်စွာဘုရား ဟောကြားလမ်းညွှန်တော်မူသော တရားဓမ္မတို့အား လူအများပြန့်ပွားကျင့်သုံးကာ ကောင်းကျိုးချမ်းသာ ရစိမ့်သောငှာဖြန့်ဝေတော်မူသော သုပ္ပဋိပန္နော အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသည့် သံဃာရတနာ၊**

**ရက်မြတ်မင်္ဂလာ**

ကိုးကွယ်အားထားစရာ ရတနာသုံးပါး စတင်ပေါ်ထွန်းသောရက်မြတ်မင်္ဂလာဖြစ်သဖြင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု နှစ်စဉ်လေးမြတ်သတ်မှတ်ခဲ့ကြလေသည်။ နိဗ္ဗာန်မဂ်ဖိုလ်ရကြောင်း တရားကို ဘုရားရှင် ခြောက်နှစ်ကြာမျှကျင့်ကြံအားထုတ်စဉ်က အတူတကွ ဆင်းရဲခေါင်းပါးစွာပင် ကျင့်သုံးကြရင်း အလုပ်အကျွေးပြုကြဖူးသောပုဂ္ဂိုလ် သူတော်ကောင်းငါးပါးကို(ပြန်လည်ကျေးဇူးပြုသောအားဖြင့်) နိဗ္ဗာန်မဂ်ဖိုလ်ရကြောင်း၊ ရောက်ကြောင်း အခြေခံအုတ်မြစ်အနှစ်သာရကို တိုတိုရှင်းရှင်း၊ လိုရင်းမျှသာ ဟောကြားသော ဓမ္မစကြာတရားတော်ကား အကြောင်းအကျိုးနိယာမသဘောကို အခြေခံပေသည်။

၄၅ ဝါ ကာလပတ်လုံး မင်း၊ သူဌေး၊ ပုဏ္ဏား၊ ဆင်းရဲသား အမျိုးအတန်းအစားမခွဲခြားဘဲ နာကြားသူ၏ ဉာဏ်ရည်အဆင်သင့် နားအရွယ်အစားအဆင့်၊ အခြေအနေ အချိန်အခါနှင့် ဆီလျော်သင့်တော်စွာ ဟောကြားတော်မူသော သုတ္တန်တရားတော်များနှင့်မတူ။

မည်သူမဆို သိမြင်သမျှ ကောင်းကျိုးရစေမည့် အဘိဓမ္မာ၊ နက်နဲထူးခြားလောကကို လွန်မြောက်စေလျက် ပညတ်မှ ပရမတ်သို့ပို့ဆောင်ကာ အလင်းရောင်ထွန်းပြသောတရားနှင့်လည်း ကွဲပြားသည်။

**"ဓမ္မစကြာတရား"**ကို စာရေးသူတို့ ကလေးဘဝကပင် လူအိုလူကြီးများ ရွာလယ်ရှိ ဝတ်ကျောင်းတွင် ညနေချမ်းစုပေါင်းရွတ်ဆိုပူဇော်မြဲဖြစ်၍ ကြားနေ ကျ။ ဝါတွင်းကာလ၌ ရွာထဲရှိသမျှ မိန်းကလေးပျိုပျိုရွယ်ရွယ်များ စုဖွဲ့ထားသော ဝတ်အသင်းကလည်း ဓမ္မစကြာကို ညချမ်း ၇ နာရီလောက်မှ ကြေးစည်သံလေး တနောင်နောင်ဖြင့် ရွတ်ဆိုနေကျ။ ကြားနေကျ။ နားရည်ဝခဲ့ရ။ ပါဠိဘာသာဖြင့် ရွတ်ဆိုကြခြင်းဖြစ်၍ အနက်အဓိပ္ပာယ်ကိုမသိ။

**မဂ္ဂင်ရှစ်ပါး**

အကြားတော့ရှိခဲ့၏။ တရားအနှစ်သာရကိုကား ယခုနှစ်ထဲတွင်မှ သိလာရ၏။ ဥပမာသာဓကတစ်ချက်မျှသာ ဖော်ပြပါရစေ။ ထောက်တိုင်ရှစ်ခုပါသော လှည်းဘီးပုံဖြင့် ဓမ္မစကြာတရားကို သင်္ကေတဖော်ပြခြင်းဖြစ်ကြောင်း လုံးဝမသိ။ ဓမ္မစက္က=တရားစက်ဝန်း။ ဘီးဖြင့်လှိမ့်၍ ရှေ့သို့ရှေ့သို့ ရွေ့လျားပြောင်းလဲအောင် မဂ္ဂင်ရှစ်ပါးဟူသော ထောက်တိုင်ရှစ်ချက်ဖြင့် အဆက်မပြတ် ခုတ်မောင်းသည့်သဘော တင်စားချက်ကို ယခုနှစ်မှ သဘောပေါက်ရ၏။

မဂ္ဂင်ရှစ်ပါးဟူသော လမ်းကြောင်းရှစ်ချက်သည် အကြိမ်ကြိမ်အထပ်ထပ် မိမိတို့နေ့စဉ်ဘဝတွင် ကျင့်သုံးရှင်သန်ရမည်ပါတကား။ မဂ္ဂင်ရှစ်ပါးလမ်းမှန်ကျင့်စဉ်ကို သတိမပြတ်စွဲမြဲလျက် စက်ယန္တရားလို အဆက်မပြတ် အားထုတ်နေရမှာပါကလား။ ယခုမှပဲ နားမျက်စိပွင့်ပါတော့၏။ ဒုက္ခရစရိယ ခြောက်နှစ်ကြာကာလကျင့်ခဲ့စဉ်က လုပ်ကျွေးခဲ့ကြဖူးသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိဟူသော ပဉ္စဝဂ္ဂီငါးဦးသည်ပင် ဓမ္မစကြာတရားကို နားလည်သိမြင်ခြင်းတူသော်လည်း သောတာပန်အဆင့် (ခံယူ)ရောက်ရှိပုံ အချိန်မတူကြ။ ကွာခြား၏။ ကောဏ္ဍညက ဝါဆိုလပြည့်နေ့တွင် သောတာပန်တည်ပြီး အခြားပုဂ္ဂိုလ်များသည် တစ်ရက်စီနောက်ကျ၍ ဓမ္မစကြာတရားတော်ကို ရှင်းလင်းသဘောပေါက်ကြသည်။

ဓမ္မစကြာသည် ဂေါတမမြတ်စွာဘုရား၏ တရားဦးတရားထူးဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်၊ အနှစ်သာရ မာတိကာဟုလည်း ဆိုထိုက်လောက်ပါ၏။ ခက်ခဲနက်နဲလှသဖြင့် မြတ်စွာဘုရားက အချိန်ပေးကာ ငါးရက်၊ ခြောက်ရက်မျှကြာပြီးနောက်မှ တရားနာပုဂ္ဂိုလ်ငါးပါးအား အနတ္တလက္ခဏသုတ်ကို ဆက်လက်ဟောကြားတော်မူသည်။ ထိုကဲ့သို့ အနတ္တလက္ခဏသုတ်ဒေသနာကို ဆက်လက်ညွှန်ပြသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် အာသဝေါကုန်ခန်း၍ ရဟန္တာကြီးများဖြစ်ကုန်ကြလေသတည်း။

❖ **ဓမ္မစကြာသည် ဂေါတမမြတ်စွာဘုရား၏ တရားဦးတရားထူးဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်၊ အနှစ်သာရ မာတိကာဟုလည်း ဆိုထိုက်လောက်ပါ၏။ ခက်ခဲနက်နဲလှသဖြင့် မြတ်စွာဘုရားက အချိန်ပေးကာ ငါးရက်၊ ခြောက်ရက်မျှကြာပြီးနောက်မှ တရားနာပုဂ္ဂိုလ်ငါးပါးအား အနတ္တလက္ခဏသုတ်ကို ဆက်လက်ဟောကြားတော်မူသည်။ ထိုကဲ့သို့ အနတ္တလက္ခဏသုတ်ဒေသနာကို ဆက်လက်ညွှန်ပြသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် အာသဝေါကုန်ခန်း၍ ရဟန္တာကြီးများဖြစ်ကုန်ကြလေသတည်း။** ❖

**အဆီအနှစ်**

မည်မျှစွမ်းအားကြီးမား၍ တရားအဆီအနှစ်အနက်အဓိပ္ပာယ်လေးနက်ထူးခြားလှပေသနည်း။ စကားကျယ်သော် နားငယ်မည်။ နာယူသူက နားကျယ်ကျယ်ဖွင့်ထားဖို့ရာလိုပါတကား။

အပြောလွယ်သော်လည်း လက်တွေ့ကျယ်ဝန်းလှသော စက်ဝန်း(လှည်းဘီးပမာ) လှည့်ပတ်ကျင့်သုံးနေအပ်သည့် မဂ္ဂင်လမ်းစဉ်ကား အဘယ်နည်း။ ဤရှစ်ချက်ပါတည်း။

၁။ **ကောင်းစွာမြင်ခြင်း၊ သမ္မာဒိဋ္ဌိ**(အစဦးဆုံး)

၂။ **ကောင်းစွာကျင့်ကြံခြင်း၊ သမ္မာသင်္ကပ္ပ** (လက်တွေ့ပါရ) (မမြင်ဘဲ၊ မကျင့်သုံးဘဲ၊ ရှေ့ဆက်လိမ့်၍မရ)

၃။ **ကောင်းစွာပြောဆိုခြင်း၊ သမ္မာဝါစာ**

၄။ **ကောင်းစွာပြုမူခြင်း၊ သမ္မာကမ္မန္တ**

၅။ **ကောင်းစွာအသက်မွေးခြင်း၊ သမ္မာအာဇီဝ** (လွယ်တိုင်းမလုပ်နှင့်)

၆။ **ကောင်းစွာအားထုတ်ခြင်း၊ သမ္မာဝါယာမ** (အားထုတ်မှသာ ရနိုင်ပါ၏)

၇။ **ကောင်းစွာအောက်မေ့ခြင်း၊ သမ္မာသတိ** (သတိတစ်လုံး အခက်ဆုံး)

၈။ **ကောင်းစွာတည်ကြည်ခြင်း၊ သမ္မာသမာဓိ**

**သစ္စာလေးပါး**

ဤရှစ်ချက်သည် မတင်းလွန်းရ၊ မလျော့လွန်းရ။ အလယ်အလတ်လမ်းကြောင်းဖြင့် လိုက်နာအပ်သည်။ ကာမဂုဏ် သုခအာရုံခံစားမှုမပြုအပ်၊ အလွန်အမင်းအပြင်းအထန်ဒုက္ခကို ခံစားမှုဖြင့်လည်းမပြုအပ်။ ဉာဏ်ဖြင့် ရှုမြင်နိုင်ရပါမည်။

သစ္စာလေးပါးမြတ်တရားကို ထုတ်ဖော်ဟောကြားသည်။

**၁။ ဒုက္ခသစ္စာ။** ဆင်းရဲနေကြောင်း အမှန်တရား။ အို၊ နာ၊ သေ၊ ချစ်ရသူနှင့်ကွေ့ကွင်း၊ မချစ်သူနှင့် အတူယှဉ်တွဲရ၊ လိုတာမရ၊ ဒုက္ခအမှန် သိရန်ရှုရ။

**၂။ သမုဒယသစ္စာ။** ဆင်းရဲစေသောအကြောင်းတရားအမှန်။ တွယ်တာမှု၊ တပ်မက်မှု၊ လိုချင်မှု၊ စွဲလမ်းမှု၊ တဏှာရာဂက ဆင်းရဲစေခြင်းဟူသော အမှန်ကိုမြင်ရမည်။

**၃။ နိရောဓသစ္စာ။** ဆင်းရဲကင်းသောအမှန်တရား။ တပ်မက်စွဲလမ်းမှု စသော တဏှာကင်းသောအခြေအနေသည် ဒုက္ခလွတ်မြောက်ခြင်းအမှန်။

**၄။ မဂ္ဂသစ္စာ။** ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ကောင်း၊

မြင်၊ ကြံ၊ ပြော၊ လုပ်၊ သက်မွေး၊ အားထုတ်၊ အောက်မေ့၊ တည်ကြည်ရခြင်းဟူသော မဂ္ဂင်ရှစ်ပါး နေ့စဉ်ကျင့်သုံးအားထုတ်နေရမည့် လုပ်ငန်းလမ်းစဉ်သဘောတရား၊ စက်ကဲ့သို့ အဆက်မပြတ် အထပ်ထပ်မရပ်မနားလည်ပတ်စေလျက် ကြိုးစားရန်။

**သိရန်ကျင့်ရန်**

မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးကို မိမိသည် ယခင်က ဘုရားဖြစ်ပြီဟု ဝန်ခံခြင်းမပြုခဲ့ဖူးပေ။ ယခုကားငါသည် အရာရာကို အလုံးစုံ အကုန်အစင်သိမြင်တော်မူသော ဗုဒ္ဓအမှန်ဖြစ်နေပါပြီဟု ထုတ်ဖော်ကြေညာသောနေ့ပေတည်း။ မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်မှ ဘဝတစ်ခုလုံးအတွက် တန်ဖိုးရှိလှစွာ အသုံးချလိုက်နာအပ်သော ရတနာသုံးပါး၏ အဆုံးအမကိုလက်တွေ့သိမြင်သဘောပေါက်လာရပါ၏။ တရားဦးဓမ္မစကြာသည် "အပ်ဖျား ရေစက်၊ အနက်ပင်လယ်" ဟူသောစကားကဲ့သို့ နိဗ္ဗာန်မဂ်ဖိုလ်တိုင်အောင် ဆိုက်ရောက်စေနိုင်သော တရားထူးပါပေတည်း။

သာဓု၊ သာဓု၊ သာဓု။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘိုကလေးမြို့နယ်တွင် ကွမ်းရွက်ပိသာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိဈေးကောင်းရရှိ

**ဘိုကလေး ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ကွမ်းရွက်ပိသာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ယခုနှစ် မေလ၊ ဇွန်လတို့တွင် ကွမ်းရွက်ပိသာချိန် ၁၀ လျှင် ငွေကျပ် ၆၅၀၀၀ ထိသာဈေးရှိရာမှ ဇူလိုင်လ ဒုတိယပတ်ကစတင်၍ ယနေ့ထိ ကွမ်းရွက်ပိသာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါကွမ်းရွက်များ ဈေးကောင်းရရှိနေခြင်းသည် ကွမ်းရွက်အထွက်နည်းနေခြင်းနှင့် ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်က ဝယ်ယူအားကောင်းလာလို့ တင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေတာပါ။ အခု ကွမ်းရွက်ပိသာချိန် ၁၀ ကို ငွေကျပ် ၉၅၀၀၀ ထိ ဈေးရှိလာပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းရွက်တွေ တင်ပို့ရောင်းချနေတာပါ။ ဈေးကောင်းကလဲရပြီး ဝယ်လိုအားကလဲ ကောင်းတော့ ကွမ်းစိုက်သူတွေ အဆင်ပြေနေပါတယ်။ ပြီးခဲ့တဲ့လတွေက ကွမ်းရွက်ပိသာချိန် ၁၀ ကို အမြင့်ဆုံးငွေကျပ် ၆၅၀၀၀ ပဲ ဈေးရှိခဲ့တာပါ။ အခု ကွမ်းရွက် လိုသလောက်ဝယ်ယူလို့မရတဲ့ထိ ဖြစ်နေပါတယ်"ဟု ဒေါ်ဌေးခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့်ကွမ်းရွက်များကို ကုန်သည်များက ကွမ်းခြံများထိ သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိတွင် တစ်ရက်လျှင် ကွမ်းရွက်ပိသာချိန် ၁၀၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများဖြစ်သည့် အိမ်သွယ်ရေတိုင်ဆောင်ရွက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော Silver Net ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပေ ၄၃၄၃၀ အိမ်သွယ်ရေတိုင်ဆောက်ရွက်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၇၇၇ သန်းဖြင့် Silver Net ကုမ္ပဏီက ယခုနှစ် ဇွန် ၂၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက တောင်မန်းကျေးရွာရှိ အိမ်ခြေ ၄၁၈ အိမ်နှင့် လူ ၂၂၆၅ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။ **ခင်မာ**

# နှမ်းစိုက်ဌာနီတို့ရွာဆီ

- မိုးဦးနှမ်းလျှင် စိုက်ပျိုးပင်
ရှင်သန်ဖူးပွင့် ပန်းနှယ်တင့်
လေသင့်ရာဆီ ယိမ်းကပြီ
ညီလှပါပေ့ ညီသလေ့။

- ချိန်ခါမနှောင်း မိုးကကောင်း
ခေါင်းလောင်းဆွဲသွင် ပွင့်ဖူးဆင်
စိုလွင်စိမ်းမြ ရှုတိုင်းလှ
အားကျရဖွယ် အားရတယ်။

- ယာခင်းတိုင်းမှာ နှမ်းထောင်ဖြာ
နှမ်းခါလုပ်သား မောင်မယ်များ
မိုးသားကင်းစေ တောင်းဆုခြွေ
နေလည်းသာဖို့ လေလာဖို့။

- နှမ်းကိုသန့်စင် အိတ်ထဲဝင်
လှည်းတွင်ထမ်းကြ နွားဆွဲရ
ရွှင်ပျရယ်မော တသောသော
မောနိုင်ဘူးကွယ် မောဘူးကွယ်။

- နှမ်းစိုက်တောင်သူ စိတ်ညီတူ
အလှူပြုရာ မြတ်သဒ္ဓါ
စားသူလာကျွေး တောင်းသူပေး
လေးစားရတယ် လေးစားတယ်။

- ဆီအိုးပမာ တို့ဒေသာ
လာခဲ့ပါနော် ဖိတ်ကာခေါ်
နှမ်းလှော်ပဲယို သကာကျို
ချိုမြိန်ရသာ စားဖွယ်ရာ
မေတ္တာရွှေ့ထား သဒ္ဓါပွား
ပါးလိုက်ပါ့မယ် ပါးလိုက်မယ်
လာလည်လှည့်ကွယ် လာခဲ့ကွယ်။ ။

**စန်းထက်(ဖန်ခါးမြေ)**

# ကလောမြို့နယ် ဘော်နင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဩဂုတ် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောဆိုင်းကျေးရွာအုပ်စု ဘော်နင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၃၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် လုပ်ငန်းအဖွဲ့ဝင်များက ဘော်နင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။ **မောင်စိုင်**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် လက်နက်စက်ရုံများကို လှည့်လည်စစ်ဆေး

**ပြုံယမ်း ဩဂုတ် ၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြည်တွင်းရှိ လက်နက်စက်ရုံများကို ဩဂုတ် ၃ ရက်မှ ၅ ရက်ထိ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် လှည့်လည်စစ်ဆေးခဲ့သည့် လက်နက်စက်ရုံများထဲတွင် ဒုံးကျည်အင်ဂျင်ထုတ်လုပ်မှုစက်ရုံများ၊ အမြောက်စက်ရုံများနှင့်အခြား လက်နက်ခဲယမ်း ထုတ်လုပ်ရေး စက်ရုံများပါဝင်ကြောင်း သိရသည်။

လက်နက်စက်ရုံခရီးစဉ်အတွင်း နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားခိုင်မာရေးအတွက် လက်နက်သစ်များထုတ်လုပ်မှုမြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ညွှန်ကြားခဲ့သည်။

ထို့ပြင် လက်နက်စက်ရုံခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ထိုးစစ်သုံး ရိုင်ဖယ်သေနတ်များကိုလည်း ကိုယ်တိုင် စမ်းသပ်ပစ်ခတ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၂၇ ရက်က ကိုရီးယားကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် စစ်ရေးပြချီတက်ပွဲကျင်းပခဲ့ပြီး နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သောဒုံးကျည်သစ်များကို ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့်အတူ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူးလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

KKO



## စူးအက်တူးမြောင်း၌ ရေယာဉ်ချင်းဝင်တိုက်မှုဖြစ်ပွား သင်္ဘောသားတစ်ဦး ပျောက်ဆုံး

**ကိုင်ရို ဩဂုတ် ၆**

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း ဆွဲသင်္ဘောတစ်စီးသည် ဩဂုတ် ၅ ရက်က ဟောင်ကောင်မှတ်ပုံတင် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောတစ်စီးနှင့် ဝင်တိုက်ခဲ့ပြီးနောက် နစ်မြုပ်ခဲ့ရကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်အတွင်းဆွဲသင်္ဘောပေါ်မှ သင်္ဘောသားတစ်ဦး ပျောက်ဆုံးနေကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆွဲသင်္ဘောနှင့်သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောဝင်တိုက်မှုကြောင့် စူးအက်တူးမြောင်းကို မြောက်ဘက်မှဖြတ်သန်းလာသည့် သင်္ဘောများအတွက် ပြဿနာမရှိခဲ့ကြောင်း သိရသည်။

သို့သော် စူးအက်တူးမြောင်းကို တောင်ဘက်မှ ဖြတ်သန်းရသည့် ရေလမ်းကြောင်းတွင် ဩဂုတ် ၅ ရက် ညသန်းခေါင်ရောက်မှသာ သင်္ဘောအသွားအလာပုံမှန်ပြန်ဖြစ်ခဲ့ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေယာဉ်ချင်း ဝင်တိုက်မှုဖြစ်ပွားပြီးနောက် ချိုင်းနားဂတ်စ်လီးဂျင်း အမည်ရှိ ဟောင်ကောင်မှတ်ပုံတင် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောသည် ပို့ဆက်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားကြောင်း သိရသည်။

ရေယာဉ်ချင်း ဝင်တိုက်မှုကြောင့် ချိုင်းနားဂတ်စ်လီးဂျင်း သင်္ဘောမှာ အပျက်အစီးမရှိခဲ့ဟု အီဂျစ်တာဝန်ရှိသူများကပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ရုရှားရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုအတွက် ယူကရိန်းကို အပြစ်ပေးမည်ဟု ရုရှားအစိုးရပြောကြား



**မော်စကို ဩဂုတ် ၆**

ခါ့ချ်ရေလက်ကြားအနီး၌ရုရှားရေနံတင် သင်္ဘောတစ်စီးကို မောင်းသူမဲ့ရေယာဉ်ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် ယူကရိန်းကို အပြစ်ပေးမည်ဖြစ်ကြောင်း ရုရှားအစိုးရက ဩဂုတ် ၅ ရက်တွင် ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းများအပြည့် တပ်ဆင်ထားသည့် ယူကရိန်း မောင်းသူမဲ့ ရေယာဉ်တစ်စီး၏ တိုက်ခိုက်မှုကြောင့် ဩဂုတ် ၅ ရက်တွင် ခါ့ချ်ရေလက်ကြားဒေသ၌ ရုရှားရေနံတင် သင်္ဘောတစ်စီး ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို အကြမ်းဖက်ဝါဒတိုက်ခိုက်မှုအဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရော့ဗ်က ဝေဖန်ခဲ့သည်။

ထို့ပြင် အဆိုပါတိုက်ခိုက်မှုအတွက် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းကို အပြစ်ပေးမည်ဖြစ်ကြောင်းမာရီယာဇာခါရော့ဗ်က ပြောကြားခဲ့သည်။

ပင်လယ်နက်ဒေသရှိ ရုရှားသင်္ဘောများ တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းဆိပ်ကမ်းများကို တိုက်ခိုက်မည်ဖြစ်ကြောင်း ရုရှားသမ္မတဟောင်း မက်ဗီဒက်ဗ်က သတိပေးထားသည်။

လက်ရှိအချိန်တွင်လည်း ရုရှားနိုင်ငံသည် ယူကရိန်းဆိပ်ကမ်းနယ်မြေများကို တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ KKO

## အီရန်နိုင်ငံ အီဗင်းအကျဉ်းထောင်အနီး၌ တောမီးလောင်ကျွမ်းမှုကြောင့် မြေမြုပ်မိုင်းများပေါက်ကွဲ

**တီဟီရန် ဩဂုတ် ၆**

အီရန်နိုင်ငံ တီဟီရန်မြို့ မြောက်ဘက် အီဗင်းအမည်ရှိ အကျဉ်းထောင်ဝန်းကျင်၌ ဩဂုတ် ၄ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အကျဉ်းထောင်ဝန်းကျင် ကန့်သတ်လုံခြုံရေးနယ်မြေအတွင်းရှိ မြေမြုပ်မိုင်းများပေါက်ကွဲခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါတောမီးသည် မိနစ်အနည်းငယ်မျှသာ ကြာမြင့်ခဲ့သော်လည်း အကျဉ်းထောင်လုံခြုံရေးဧရိယာအတွင်း ကူးစက်ဝင်ရောက်လာမှုကြောင့် မြေမြုပ်မိုင်းများ ပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်းအီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြေမြုပ်မိုင်းများ ပေါက်ကွဲမှုကြောင့် အကျဉ်းထောင်ထိခိုက်ပျက်စီးမှုမရှိခဲ့သလို ထိခိုက်ဒဏ်ရာရသူလည်းမရှိခဲ့ကြောင်း သိရသည်။

အီဗင်း အကျဉ်းထောင်သည် အီရန်အကျဉ်းသားများပြည်ပနိုင်ငံသားအကျဉ်းသားများအား ထားရှိသည့် အကျဉ်းထောင်ဖြစ်သည်။

ပူပြင်းသည့် ရာသီဥတုအခြေအနေကြောင့် အီဗင်းအကျဉ်းထောင်ဝန်းကျင် မြက်ခင်းများ၌ တောမီး လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ယခုနှစ်နွေရာသီအတွင်း မကြုံစဖူးပြင်းထန်လှသည့်အပူဒဏ်နှင့်ရင်ဆိုင်နေရပြီး တောင်ပိုင်းဒေသ မြို့တစ်မြို့၌ နေ့အပူချိန်မှာ ၁၂၃ ဒီဂရီဖာရင်ဟိုက် (၅၀ ဒီဂရီဆဲလ်စီးယပ်စ်)ထိ ရောက်ခဲ့ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။ KKO

## ဟီရိုရှီးမားမြို့ အမေရိကန်လေတပ်အဏုမြူဗုံးကြဲခံရမှု ၇၈ နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဟီရိုရှီးမား ဩဂုတ် ၆**

ဟီရိုရှီးမားမြို့ကို အမေရိကန်လေတပ်အဏုမြူဗုံးကြဲချတိုက်ခိုက်မှု ၇၈ နှစ်ပြည့်အခမ်းအနားကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ဟီရိုရှီးမားမြို့တော်ဝန် ကာဇူမီမက်ဆုအိက နျူကလီးယားလက်နက်များ ဖျက်သိမ်းပေးကြရန် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းခဲ့သည်။

ထို့ပြင် ဂျီ-၇ အုပ်စုခေါင်းဆောင်များ၏ နျူကလီးယားလက်နက်အရံအတားစနစ်ထားရှိရေး သဘောတရားကိုလည်း မြို့တော်ဝန် ကာဇူမီမက်ဆုအိက ဝေဖန်ခဲ့ကြောင်း သိရသည်။

ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲချခံရမှု ၇၈ နှစ်ပြည့်အခမ်းအနားသို့ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ အပါအဝင် ဧည့်ပရိသတ် ဦးရေ ၅၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

အမေရိကန် လေတပ်သည် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ကောင်လေးအမည်ရှိ အဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့ရာ ဂျပန်ပြည်သူ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

ဟီရိုရှီးမားမြို့သည် ကမ္ဘာပေါ်၌ နျူကလီးယားလက်နက်ဒဏ် ပထမဆုံးခံစားခဲ့ရသည့် ကမ္ဘာ့မြို့တော်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က သုံးလကြာရပ်ဆိုင်းထားသည့် ကင်းထောက်ပျံသန်းရေးလုပ်ငန်းကို ပြန်လည်စတင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၆**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် သုံးလကြာရပ်ဆိုင်းထားသည့် ကင်းထောက်ပျံသန်းရေးလုပ်ငန်းကို ပြန်လည်စတင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပျံသန်းရေးလုပ်ငန်းများ သုံးလကြာရပ်ဆိုင်းခဲ့ပြီးနောက် ဇူလိုင် ၂၂ ရက်တွင် ၅၄ ကြိမ်မြောက် အင်္ဂါဂြိုဟ် လေထုလွှာအတွင်း ကင်းထောက်ပျံသန်းမှုကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

၅၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အမြင့် ၁၆ ပေထိ တက်ရောက်၍ အကွာအဝေး ၄၆၈ ပေထိ ပျံသန်းခဲ့သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

၇၅ စက္ကန့်မျှကြာမြင့်ခဲ့သည့် ၅၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အမြင့်ဆုံးမြန်နှုန်း တစ်နာရီလျှင် ၅ ဒသမ ၆ မိုင်နှုန်းဖြင့် ပျံသန်းခဲ့ကြောင်း နာဆာ၏ အဆိုအရ သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ဧပြီ ၂၆ ရက်တွင် ၅၂ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ပြီးနောက် ပျံသန်းမှုများ စတင်ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အင်ဂျီနျူတီရဟတ်ယာဉ်ကို ၂၀၂၁ ခုနှစ်တွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်နှင့်အတူ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကြာသပတေးဂြိုဟ်တမျှအရွယ်အစားကြီးမားသော ဂြိုဟ်တစ်စင်းက ဒြပ်ထုနိမ့်ကြယ်တစ်စင်းအားလှည့်ပတ်နေမှုကို သိပ္ပံပညာရှင်များ တွေ့ရှိထား

**လန်ဒန် ဩဂုတ် ၆**

ကြာသပတေးဂြိုဟ်တမျှအရွယ်အစားကြီးမားသော ဂြိုဟ်တစ်စင်းက အထိုက်အလျောက်သေးငယ်သည့် ဒြပ်ထုနိမ့်ကြယ်တစ်စင်းအားလှည့်ပတ်နေမှုကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

TOI-4860 အမည်ရှိ အနီရောင် ကြယ်သိမ်တစ်စင်းအားလှည့် ပတ်နေသည့် အဆိုပါဂြိုဟ်ကို TOI-4860b ဂြိုဟ်ဟူ၍ ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသနပညာရှင်များက အမည်ပေးထားသည်။

အဆိုပါဖြစ်စဉ်သည် ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်ပုံနှင့်ပတ်သက်၍ လက်ရှိလက်ခံထားသော သီအိုရီများကို စိန်ခေါ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



TOI-4860 ကဲ့သို့ ဒြပ်ထုနိမ့်ကြယ်သိမ်တစ်စင်းနှင့် အလွန်နီးကပ်သည့်နေရာမျိုး၌ ကြာသပတေးဂြိုဟ်တမျှ အရွယ်အစားရှိသော ဂြိုဟ်မျိုးပေါ်လာနိုင်သည့်အခြေအနေမျိုးမရှိကြောင်းသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TOI-4860b ဂြိုဟ်၏ပတ်လမ်းမှာ လွန်စွာတိုပြီး ကမ္ဘာမြေရက်အားဖြင့် ၁ ဒသမ ၅ ရက်လျှင် တစ်ကြိမ်ကျ TOI-4860 ကြယ်ကို လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်တစ်စင်း၏ဒြပ်ထု နည်းပါးနေပါက ၎င်းကြယ်ဝန်းကျင်ရှိ ဖုန်မှုန့်နှင့် ဓာတ်ငွေ့ချပ်ဝန်းလွှာ၏ ထုထည်လည်း နည်းပါးလာတတ်ရာ ကြာသပတေးဂြိုဟ်ကဲ့သို့ ဒြပ်ထုကြီးသည့် ဂြိုဟ်မျိုးပေါ်မလာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်း-၃ လကမ္ဘာစူးစမ်းလေ့လာရေးအာကာသယာဉ်က ဩဂုတ် ၆ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်

**နယူးဒေလီ ဩဂုတ် ၆**

အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်း-၃ လကမ္ဘာစူးစမ်းလေ့လာရေး အာကာသယာဉ်သည် ယနေ့တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားပြီဖြစ်ကြောင်း The Hindu သတင်းစာက ရေးသားတင်ပြထားသည်။

ချန်ဒရာယန်း-၃ သည် ကမ္ဘာ လကမ္ဘာနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိချိန်တွင် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် ချန်ဒရာယန်း-၃ အာကာသယာဉ်အနေဖြင့် လပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချန်ဒရာယန်း-၃ သည် ကမ္ဘာမြေမှထွက်ခွာခဲ့ပြီး ၂၃ ရက်အကြာတွင် လပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ချန်ဒရာယန်း-၃ လက်ရှိရောက်နေသည့် ပတ်လမ်းသည် လကမ္ဘာနှင့်အဝေးဆုံးမှတ်တွင် ၁၈၀၇၄ ကီလိုမီတာရှိပြီး လကမ္ဘာနှင့်အနီးဆုံးမှတ်တွင် ၁၆၄ ကီလိုမီတာရှိကြောင်း သိရသည်။

ချန်ဒရာယန်း-၃ သည် လာမည့် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်း၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ချန်ဒရာယန်း-၃ သည် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့သော တတိယမြောက် အိန္ဒိယအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## မီးဖွားပြီးနောက် ခံစားရတတ်သည့်စိတ်ကျရောဂါကုသရေးအတွက် Zuranolone ဆေးကိုအတည်ပြုခဲ့

**နယူးယောက် ဩဂုတ် ၆**

မီးဖွားပြီးနောက်ပိုင်း ကလေးမိခင်များခံစားရတတ်သည့် စိတ်ကျရောဂါကို ကုသရေးအတွက် ဟော်မုန်းအခြေခံဆေးသစ်တစ်မျိုး အသုံးပြုခွင့်ကို အမေရိကန်အစိုးရအစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA) က ဩဂုတ် ၅ ရက်တွင် အတည်ပြုခဲ့ကြောင်း ယူပီအိုင် သတင်းဌာနက ရေးသားတင်ပြထားသည်။

Zuranolone (Zurzuvae) အမည်ရှိ အဆိုပါဆေးသစ်သည် မီးဖွားပြီးအလွန် စိတ်ကျရောဂါအတွက် အသုံးပြုခွင့်ပေးလိုက်သော ပထမဆုံးဆေးဝါးဖြစ်သည်။

မီးဖွားပြီးအလွန် စိတ်ကျရောဂါသည် ကလေးမိခင် ရှစ်ဦးလျှင် တစ်ဦး ခံစားရတတ်သည့် ကျန်းမာရေးပြဿနာဖြစ်သည်။

Zuranolone သောက်ဆေးသည် အခြားစိတ်ကျရောဂါဆေးဝါးများကဲ့သို့မဟုတ်ဘဲ ဆေးအာနိသင်ပြသမှု ပို၍မြန်ဆန်သည်ဖြစ်ရာ ကလေးမိခင်များ၏ စိတ်ကျရောဂါကို လျင်မြန်စွာကုသပေးနိုင်မည်ဖြစ်ကြောင်း FDA ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါဆေးသည် Progesterone ခေါ် ဟော်မုန်းတစ်မျိုးကို အခြေခံထားသည့် သောက်ဆေးအမျိုးအစားဖြစ်ပြီး အမေရိကန်အခြေစိုက် Biogen ဆေးကုမ္ပဏီက ထုတ်လုပ်ထားသည့်ဆေးဖြစ်သည်။

မီးဖွားပြီးချိန်၌ Progesterone ဟော်မုန်း လျင်မြန်စွာကျဆင်းမှုသည် မီးဖွားပြီးအလွန် စိတ်ကျရောဂါနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။

KKO

## သကြားဓာတ်ကဲသော အစားအစာများကြောင့် ကျောက်ကပ်၌ကျောက်တည်နိုင်ခြေ မြင့်မားလာနိုင်

**ပေကျင်း ဩဂုတ် ၆**

ဘီစကွတ်၊ ကိတ်မုန့်နှင့်အချိုရည် (Fizzy Drins) ကဲ့သို့ သကြားဓာတ်ကဲသော အစားအစာများကြောင့် ကျောက်ကပ်၌ ကျောက်တည်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မြောက်ပိုင်း ဆေးကောလိပ်မှသုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သကြားဓာတ်ထပ်မံဖြည့်ဆည်းထားသော ပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် ကျောက်ကပ် ကျောက်တည်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။


တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၃၀၀၀၀ ခန့်၏ အစားအစာ စားသောက်မှုပုံစံနှင့် ကျောက်ကပ် ကျောက်တည်နိုင်ခြေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ သကြားဓာတ်ပါဝင်မှုအများဆုံး အသင့်စားစားသောက်ဖွယ်ရာများကို အဓိကထားစားသုံးသူများ၌ ကျောက်ကပ်ကျောက်တည်နိုင်ခြေမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် နေ့စဉ်စားသုံးသည့် စွမ်းအင်ပမာဏ၏ လေးပုံတစ်ပုံကျော်ကို သကြားဓာတ်ဖြည့် ဓာတ်စာများမှ ရယူသူများတွင် ကျောက်ကပ် ကျောက်တည်နိုင်ခြေမှာ ပုံမှန်ထက် ၈၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျောက်ကပ်၌ ကျောက်တည်ရခြင်းအဓိကနောက်ခံအကြောင်းတရားများထဲတွင် သကြားဓာတ်ဖြည့် အစားအစာများ အလွန်အကျွံစားသုံးမှုကိုလည်း ထည့်သွင်းသင့်သည်ဟု တရုတ်သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

KKO






## ဖလာမင်ဂိုတိုက်စစ်မှူး ဖရန်ကာကို စတာလင်ပေါင် ၂၆ သန်းဖြင့် ပဲလေ့စ်အသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၆**

ပဲလေ့စ်အသင်းသည် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဖရန်ကာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် ခေါ်ယူ၍ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း Cpfc.com က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၁၉ နှစ်ရှိ ဖရန်ကာသည် ဥရောပထိပ်သီးကလပ်များတွင် ခြေစွမ်းပြနေသည့် ဗင်နီစီးယက်စ်၊ ပါကွီတာ၊ ဇီကိုတို့နှင့် ဖလာမင်ဂို လူငယ်အသင်းတွင် တွဲဖက်ကစားခဲ့သူဖြစ်ပြီး တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းသည့် ကစားသမားတစ်ဦးဖြစ်ကာ ကြံ့ခိုင်မှုကောင်းမွန်သည့်အပြင် စိတ်ဓာတ်ပိုင်းမာကျောသည့်အတွက် ပဲလေ့စ်အသင်းက ပရီးမီးယားလိဂ်ကစားပုံနှင့်ကိုက်ညီမှုရှိသောကြောင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၁၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖရန်ကာသည် ၂၀၂၁ ခုနှစ်ကတည်းက ဖလာမင်ဂိုစီနီယာအသင်းတွင် စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အသင်းနှင့်အတူ အဓိက ကစားသမားအဖြစ် ပါဝင်ကစားခဲ့ကာ အသင်းအား ကိုပါလီဗာတာဒိုရက်စ်ဖလားနှင့် ကိုပါဒိုဘရာဇီးဖလားတို့ကိုရရှိအောင် ကူညီပေးနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၅၄ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ကိုးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည်။

လူငယ်ကစားသမား ဖရန်ကာက "ပဲလေ့စ်အသင်းကို ပြောင်းရွှေ့ခွင့်ရလို့ အရမ်းကိုစိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော့်အနေနဲ့အသင်းဖော်တွေ၊ အသင်းကိုအားပေးနေသူတွေအတွက် အောင်မြင်မှုတွေရယူပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ အသင်းသစ်နဲ့အတူပထမဆုံးပွဲထွက်ကစားရမှာကို အရမ်းပျော်မိပါတယ်။ ဒီနေရာကိုရောက်လာတဲ့ ကျွန်တော်နဲ့အတူ အသင်းပရိသတ်တွေ အားလုံးပျော်ရွှင်ရမှာပါ"ဟု ပြောကြားခဲ့သည်။

ပဲလေ့စ်အသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား လာမာကိုခေါ်ယူပြီးနောက် ဖရန်ကာကို ဒုတိယမြောက်ကစားသမားသစ်အဖြစ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- လိုက်ပ်ဇစ်အသင်းက ခံစစ်ကစားသမား ဂါဗာဒီယို၏နေရာတွင် အစားထိုးရန်အတွက် ဗီရင်နုအသင်း ခံစစ်ကစားသမား ဂီထရိုင်ဒါကို ယူရို ၂၅ သန်းဖြင့်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ကာတာကလပ်အသင်းများနှင့် ဆော်ဒီကလပ်အသင်းများက အေစီလာအသင်းမှထွက်ခွာရန်ဆန္ဒရှိနေသည့် ကော်တင်ဟိုကို မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- စပါးအသင်းက အာဂျင်တီးနားကလပ် ရိုဆာရီရိုဆန်ထရယ်အသင်းတိုက်စစ်မှူး ဗီလစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ML

## အမျိုးသမီးကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်သို့ နယ်သာလန်အသင်းတက်ရောက်



**ဝယ်လင်တန် ဩဂုတ် ၆**

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလား (၁၆)သင်း ရှုံးထွက်အဆင့်တွင် နယ်သာလန်အသင်းနှင့် တောင်အာဖရိကအသင်းတို့ တွေ့ဆုံခဲ့ရာ နယ်သာလန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၁၅ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်းတွင်ခြေစွမ်းပိုင်းတိုးတက်လာသည့် နယ်သာလန်အသင်းသည် ၂၀၁၉ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲစဉ်ထိ တက်ရောက်ခဲ့ပြီး လက်ရှိတွင်လည်း တောင်အာဖရိကအသင်းကိုအနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ စပိန်အသင်းနှင့်ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

နယ်သာလန်အမျိုးသမီးအသင်းသည် အုပ်စုဒုတိယဖြင့်တက်ရောက်လာသည့် အာဖရိက ချန်ပီယံအသင်းကို ပွဲစကတည်းကဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ခုနစ်မိနစ်တွင် ကွင်းလယ်ကစားသမား ရိုအေ့က ဦးဆောင်ဂိုးသွင်းယူ၍ ပြိုင်ပွဲကို ထိန်းချုပ်ခဲ့သော်လည်း တောင်အာဖရိကအသင်းကတန်ပြန်တိုက်စစ်များဖြင့် ဖိအားပေးခဲ့ကာ ဂိုးသမားဒွန်ဆီလာက လက်စွမ်းပြကာကွယ်နိုင်ခဲ့သောကြောင့် သက်သာရခဲ့ပြီး တောင်အာဖရိကအသင်းမှလည်း အဓိက ကစားသမားနှစ်ဦး ဒဏ်ရာပြဿနာကြောင့်ထွက်ခွာခဲ့ရပြီး ကစားအားကျဆင်းခဲ့သည်။

ဒုတိယပိုင်းတွင် နယ်သာလန်အသင်းကသာ ဆက်တိုက်ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့ရာ ပွဲချိန် ၆၈ မိနစ်တွင် ဘီရန်စတင်းက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သော်လည်း တောင်အာဖရိက အသင်းအနေဖြင့် တိုက်စစ်ပိုင်းအားနည်းသွားသောကြောင့် ချေပဂိုးရရှိရန်ခက်ခဲခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့် အပြန်အလှန်ဖိအားပေးမှုများသာ ပြုလုပ်နိုင်ခဲ့ကာ ပွဲပြီးဆုံးချိန်တွင် နယ်သာလန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

## အဲဗာတန်အသင်း ခံစစ်ကစားသမား မင်နာ ဗီအိုရင်တီးနားအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိ

**ရောမ ဩဂုတ် ၆**

အဲဗာတန်အသင်း ခံစစ်ကစားသမား မင်နာသည် အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ငြင်းပယ်၍ အသင်းမှထွက်ခွာခဲ့ပြီးနောက် စီးရီးအေကလပ် ဗီအိုရင်တီးနားအသင်းသို့အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့သည်ဟု channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား မင်နာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာမကြာခဏ ကြုံတွေ့နေရသဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့ကာ အသင်းအနေဖြင့် ရလဒ်ဆိုးများနှင့်ကြုံတွေ့ခဲ့ရသောကြောင့် အသင်းပရိသတ်များက ၎င်းကိုရန်လိုသည့်အပြုအမူများပြုလုပ်ခဲ့သဖြင့် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ မင်နာသည် ဗီအိုရင်တီးနားအသင်းသို့ တစ်နှစ်သက်တမ်းစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် ထပ်မံသက်တမ်းတိုးနိုင်သည့် သဘောတူညီချက် ပါဝင်ခဲ့သော်လည်း ပြောင်းရွှေ့ကြေးကို တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား မင်နာသည် အဲဗာတန်အသင်းသို့ ၂၀၁၈ ခုနှစ်ကရောက်ရှိခဲ့ကာ အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဦးဆောင်၍ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ကိုးဂိုးထိသွင်းယူနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ပရီးမီးယားလိဂ်တွင်ဆက်လက်ကစားခွင့်ရရှိအောင် အဓိကနေရာ၌ ပါဝင်ကူညီနိုင်ခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာ၍ စီးရီးအေကလပ် ဗီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML

## ဒဏ်ရာပြဿနာကြောင့် မန်ယူအသင်းတိုက်စစ်မှူး ဟိုက်လန်း ဝုဗ်အသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်မည်

**မန်ချက်စတာ ဩဂုတ် ၆**

ပြီးခဲ့သည့်ရက်ပိုင်းက အတ္တလန်တာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် တိုက်စစ်မှူး ဟိုက်လန်းသည် အသေးစားဒဏ်ရာပြဿနာကြောင့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကစားမည့် ဝုဗ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်သွားမည်ဖြစ်ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟိုက်လန်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အတ္တလန်တာအသင်းမှ မန်ယူအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၇၂ သန်းဖြင့် ငါးနှစ်စာချုပ်အပြင် တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိသည့်အချက်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ရာသီကြိုပွဲစဉ်အဖြစ် ကစားခဲ့သည့် လန်းအသင်းနှင့်ပွဲစဉ်တွင် ပရိသတ်များနှင့်မိတ်ဆက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟိုက်လန်းသည် အတ္တလန်တာအသင်းတွင် ကစားစဉ်ကတည်းက အသေးစားဒဏ်ရာ ရရှိနေသည့်အတွက် ရက်အနားငယ်အနားယူပြီး ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝအောင် ကြိုးစားရမည် ဖြစ်သည့်အတွက် ဩဂုတ် ၁၅ ရက်တွင်ကစားမည့် ဝုဗ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက်တွင်ကစားမည့် မန်ယူအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေသည်။




မန်ယူအသင်းက ဟိုက်လန်းကို အသင်းပရိသတ်များနှင့် တရားဝင်မိတ်ဆက်ပေးခဲ့သော်လည်း လက်ရှိအချိန်ထိ ၎င်းဝတ်ဆင်ကစားမည့် ကျောနံပါတ်ကို အတည်ပြုထားခြင်းမရှိသေးဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲမတိုင်မီ မာရှယ်ကိုရောင်းချပြီးမှသာ ကျောနံပါတ်(၉)ကို ဝတ်ဆင်ကစားစေမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ဂျီအက်ဖ်အေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့်ဂျီအက်ဖ်အေ အသင်းတို့ကစားခဲ့ရာ ဟံသာဝတီ ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟံသာဝတီ ယူနိုက်တက်အသင်းက ပွဲစကတည်း က ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအား ပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ နှင့် ၄၅ မိနစ်တွင် ဇင်မင်းထွန်းနှင့် ပွဲချိန် မိနစ် ၄၀ တွင် လာဒင်မော် တို့က ဟံသာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်း အပြီးတွင် ဟံသာဝတီယူနိုက်တက် အသင်းကသုံးဂိုးပြတ်ဖြင့် ဦးဆောင် နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ဂျီအက်ဖ်အေအသင်း က ချေပဂိုးများအတွက် ပြန်လည် တိုက်စစ်မြှင့် ဖိအားပေးကစား ခဲ့ရာမှ ပွဲချိန် ၇၃ မိနစ်တွင် ရာဇာမျိုးက ဂျီအက်ဖ်အေအသင်း အတွက် ချေပဂိုးများသွင်းယူနိုင် ခဲ့သည်။

ထို့နောက် လက်ကျန်ပွဲချိန်များ တွင် နှစ်သင်းစလုံးဂိုးသွင်းခွင့် အချို့ရရှိခဲ့သော်လည်း တိုက်စစ် ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပွဲပြီးဆုံး ချိန်ထိ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့် အတွက် ဟံသာဝတီယူနိုက်တက် အသင်းက ဂျီအက်ဖ်အေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။

STA

# ဘိုင်ယန်မြူးနစ်အသင်းက ဂျူဗင်တပ်အသင်းမှ ဗလာဟိုဗစ်ချ်ကို ခေါ်ယူရန်ပြင်ဆင်နေ

**လန်ဒန် ဩဂုတ် ၆**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းတိုက်စစ်ပိုင်းအတွက် စပါး အသင်းမှ ဟယ်ရီကိန်းကိုခေါ်ယူ ရန်ကြိုးပမ်းခဲ့သော်လည်း စပါး အသင်းဥက္ကဋ္ဌ လီဗိုင်းကြောင့် ခေါ်ယူရန် ခက်ခဲနေသည့်အတွက် ဂျူဗင်တပ်အသင်းမှ ဗလာဟို ဗစ်ချ်ကိုခေါ်ယူရန် ပြင်ဆင်လျက် ရှိနေကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။


ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိကစားသမား အပြောင်း အရွှေ့ကာလတွင် အသင်းတိုက်စစ် ပိုင်းမှ မာနေးကိုရောင်းချခဲ့ပြီး နောက် ၎င်း၏နေရာတွင်အစားထိုး ရန်အတွက် အစောပိုင်းက စပါး အသင်းမှ တိုက်စစ်မှူးဟယ်ရီကိန်း ကို မြင့်မားသည့်ပြောင်းရွှေ့ကြေး များဖြင့် အကြိမ်ကြိမ်ကမ်းလှမ်း ခဲ့သော်လည်း စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းက ဟယ်ရီကိန်းကို လက် မလွှတ်လိုသည့်အတွက် ကမ်းလှမ်း မှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည်လာမည့် ဘောလုံးရာသီတွင် အသင်းဘဏ္ဍာ ရေးစည်းမျဉ်းနှင့် ညှိနှိုင်းမှုများရှိခဲ့ သည့်အတွက် ဥရောပဝင်ခွင့်များနှင့် လွဲချော်ထားသောကြောင့် အသင်း ဘဏ္ဍာရေးကျဆင်းမှုများရှိလာနိုင် သည့်အတွက် ဗလာဟိုဗစ်ချ်ကို အစောပိုင်းကတည်းက ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဗလာဟိုဗစ်ချ် ကိုယ်တိုင်က လည်း အသင်းအနေဖြင့် ဥရောပ ဝင်ခွင့်များနှင့် လွဲချော်ထားသည့် အတွက် အသင်းမှထွက်ခွာရန် ပြင်ဆင်နေပြီး ဘိုင်ယန်မြူးနစ် အသင်းကလည်း ဟယ်ရီကိန်းကို ခေါ်ယူရန် ခက်ခဲနေသည့်အတွက် ဗလာဟိုဗစ်ချ်ကိုသာ ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

STA

# Los Cabos Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စတီဖာနို့စ် ဆွတ်ခူး



**မက္ကဆီကိုစီးတီး ဩဂုတ် ၆**

မက္ကဆီကိုနိုင်ငံ လော့ကာဘိုစ် မြို့တွင်ကျင်းပခဲ့သည့် Los Cabos Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် တွင် ဂရိတင်းနစ်ကစားသမား စတီ ဖာနို့စ်က ဩစတြေးလျတင်းနစ် ကစားသမားဒီမီနော့နှင့် ယှဉ်ပြိုင် ကစားခဲ့ရာ စတီဖာနို့စ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်အနေဖြင့် နောက်ဆုံး သုံးနှစ်အတွင်း ATP ဆုဖလား တစ်လုံးကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဒီမီနော့ကို လည်း တစ်ဖက်သတ်ဖိအားပေး ကစားကာ ပြတ်သားသောရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဒီမီနော့အနေဖြင့် ဗိုလ်လု ပွဲစဉ်တွင် စတီဖာနို့စ်၏ ပြိုင်ဘက် ကောင်းတစ်ဦးအနေဖြင့် ကစားပြ နိုင်ခဲ့ခြင်းမရှိဘဲ ပုံမှန်လက်စွမ်း အောက်ရောက်နေခဲ့သည်။

စတီဖာနို့စ်အနေဖြင့် ကစား သမားဘဝသက်တမ်းတစ်လျှောက် ၁၀ လုံးမြောက်ဆုဖလားကိုဆွတ်ခူး နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

စတီဖာနို့စ်က "စိတ်လှုပ်ရှား စရာကောင်းတဲ့ ဗိုလ်လုပွဲစဉ်တစ်ပွဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မျှော်လင့်ထားတဲ့အတိုင်းအကောင်း ဆုံးကစားနိုင်ခဲ့တယ်။ ဗိုလ်လု ပွဲစဉ်နဲ့ ကိုက်ညီတဲ့လက်စွမ်းမျိုး ပြသနိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူ ပါတယ်။ ပြီးခဲ့တဲ့ တင်းနစ်ရာသီဝက် လောက်ကနေ စတင်ပြီးတော့ ဒီပြိုင်ပွဲထိ ဗိုလ်လုပွဲစဉ်အဆင့်ကို ငါးကြိမ်တိုင်တိုင် တက်ရောက်နိုင် ခဲ့တယ်။ ငါးကြိမ်မှာ ဒီတစ်ကြိမ်ပဲ အနိုင်ရခဲ့တယ်။ ကျွန်တော့်ရဲ့ ဗိုလ်လုပွဲစဉ် အိပ်မက်ဆိုးကိုကျော် လွှားနိုင်ခဲ့ပြီလို့ ထင်ပါတယ်။ ဒီမီနော့ကလဲ ကျွန်တော့်လိုပဲ ချန်ပီယံဖြစ်ဖို့နီးစပ်ခဲ့တဲ့ ပြိုင်ပွဲတွေ တော်တော်များတာ တွေ့ရတယ်။ အခုဒီပွဲမှာလဲ သူ့အနေနဲ့ချန်ပီယံဆု နဲ့ကပ်လွဲခဲ့ရတယ်။ သူ့အတွက်တော့ စိတ်မကောင်းပါဘူး"ဟု ပြောကြား ခဲ့ကြောင်း သိရသည်။

AZL

# Mubadala Citi DC Open ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ တောလန် တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၆**

အမေရိကန်နိုင်ငံ ဝါရှင်တန် မြို့တွင်ကျင်းပနေသည့် Mubada-la Citi DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲ အဖြစ် နယ်သာလန်တင်းနစ်ကစား သမားတောလန်နှင့် အမေရိကန် တင်းနစ်ကစားသမား တေလာ ဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောလန်က (၃-၆၊ ၆-၃၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ATP က ယနေ့တွင် ဖော်ပြခဲ့သည်။

တေလာဖရစ်ဇ်သည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမား တစ်ဦးဖြစ်သော်လည်း တောလန် နှင့်ပွဲစဉ်တွင် အမှားများခဲ့သည့် အတွက် ဗိုလ်လုပွဲစဉ်သို့တက်ရောက် နိုင်မည့်အခွင့်အရေးဖြင့် လွဲချော် ခဲ့ရသည်။

တေလာဖရစ်ဇ်သည် ပထမ ပွဲငယ်တွင် ပြတ်သားသည့်ရလဒ် ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယ ပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့် ရလဒ်များဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သည်။

တောလန်သည် ဗိုလ်စွဲရန်ရေပန်း စားနေသည့် တေလာဖရစ်ဇ်ကို နောက်မှလိုက်ကစားခဲ့ရသော်လည်း အနိုင်ရလဒ်ဖြင့် ထိုက်တန်သည့် လက်စွမ်းမျိုး ပြန်လည်ပြသကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင် ခဲ့သည်။

တောလန်က "ကျွန်တော့်အနေ နဲ့ ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေတဲ့ ကစားသမားတွေကို အနိုင်ရယူထားဖူးတာ မရှိသေးတဲ့ အတွက် ဒီပွဲစဉ်မှာပထမဦးဆုံးနိုင်ပွဲ ကိုရယူနိုင်ဖို့ အကောင်းဆုံးကြိုးစား ခဲ့ပါတယ်။ ပထမပွဲငယ်မှာပြတ်သား တဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့ရပေမဲ့လဲ စိတ်ဓာတ်မကျဘဲ အမှားတွေကို ပြန်လည်ပြင်ဆင်နိုင်ဖို့ ကြိုးစားခဲ့ တယ်။ ကြိုးစားမှုတွေထိရောက်ခဲ့ သလို အနိုင်ရလဒ်ကိုရယူနိုင် လောက်တဲ့ပုံစံကောင်းတွေ ပြသ နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟော့စ်ချယ်နှင့် ဂလိုဗာတို့ ပူးတွဲဦးဆောင်

**ဝါရှင်တန် ဩဂုတ် ၆**

အမေရိကန်နိုင်ငံ မြောက်ကာရို လိုင်းနားပြည်နယ် ဂရင်းဘိုရိုမြို့ တွင်ကျင်းပနေသည့် Wyndham Championship ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေ ရိကန်ဂေါက်သီးရိုက်ကစားသမား များဖြစ်ကြသည့် ဟော့စ်ချယ်နှင့် ဂလိုဗာတို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၈ ချက်စီလျော့ ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲ ဦးဆောင်နေကြောင်း Planet Sport သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

ပထမနေ့နှင့်ဒုတိယနေ့တို့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင် ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ရက်ဆဲလ်ဟန်လေက တတိယနေ့အပြီးတွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေ သလို တောင်ကိုရီးယားဂေါက်သီး ရိုက်ကစားသမား ဖြောင်ဟန်အန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေး ဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဂလိုဗာက "ဂရင်းဘိုရိုဒေသ ဟာ ကျွန်တော်သဘောကျတဲ့ဒေသ တစ်ခုလဲဖြစ်ပါတယ်။ ကျွန်တော့် အသက် ခုနစ်နှစ်အရွယ်လောက်က စပြီး ၁၀ နှစ် အရွယ်လောက်ထိ နှစ်စဉ်နွေရာသီရောက်တိုင်း ဂရင်း ဘိုရိုမြို့ကိုလာရောက်လည်ပတ်ဖြစ်ခဲ့ တယ်။ အခုချိန်မှာတော့ ပရော်ဖက် ရှင်နယ်ဂေါက်သီးရိုက်ကစားသမား ဘဝနဲ့ ဂရင်းဘိုရိုမြို့ကိုပြန်လည် ရောက်ရှိလာပြီ။ အရင်တုန်းက အတိုင်းပဲစိတ်လှုပ်ရှားစရာကောင်း တဲ့ ဒေသဖြစ်ပါတယ်။ ပထမနေ့ ကနေစပြီးတော့ တတိယနေ့ပြီးတဲ့ ထိ အကောင်းဆုံးကစားထားနိုင် ခဲ့တယ်။ လိုချင်တဲ့ရလဒ်တွေကိုလဲ ရယူထားနိုင်ခဲ့တယ်။ အထူးသဖြင့် တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ ကစားပုံက ပြိုင်ပွဲမှာကစားခဲ့တဲ့နေ့ တွေထဲက အကောင်းဆုံးကစားနိုင် ခဲ့တဲ့နေ့ဖြစ်ပါတယ်။ နောက်ဆုံးနေ့ မှာ အမှားနည်းအောင်အကောင်း ဆုံးပြင်ဆင်သွားမယ်။ တတိယနေ့ က လက်စွမ်းမျိုးနဲ့နောက်ဆုံးနေ့မှာ လဲ ဆက်ကစားနိုင်မယ်လို့မျှော်လင့် ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘင်္ဂလားဒေ့ရှ်ကို အကျိုးဖြစ်ထွန်းစေလျက်ရှိသော BRI စီမံကိန်း



မကြာသေးမီအချိန်အတွင်းကပင် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်လာပြီး ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့များစွာပေးနိုင်သော နိုင်ငံများအနက်မှ တစ်နိုင်ငံလည်းဖြစ်လာသည်။ ၂၀၁၆ ခုနှစ်မှစ၍ နှစ်ဖက်စလုံးသည် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဖြစ်လာခဲ့သည်။

အခြားသောနိုင်ငံပေါင်း ၁၅၀ ကဲ့သို့ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထိုအချိန်မှစ၍ Padma ရထားလမ်း၊ Karnaphuli မြစ်အောက်ရှိ Bangabandhu ဥမင်လိုဏ်ခေါင်းနှင့် Dasherkandi စွန့်ပစ်အညစ်အကြေး သန့်စင်သည့်စက်ရုံတို့အပါအဝင် BRI စီမံကိန်းများကို သဘောတူညီထားရှိပြီးဖြစ်သည်။

အဆိုပါစီမံကိန်းသုံးခုသည် အပြီးသတ်တော့မည်ဖြစ်ပြီး အခြားစီမံကိန်း ခြောက်ခုမှာလည်း အကောင်အထည်ဖော်နေပြီဖြစ်သည်။ တရုတ်နိုင်ငံသည် BRI အပြင် ပုဂ္ဂလိကမိတ်ဖက်ဆောင်ရွက်မှုများနှင့် ချေးငွေထုတ်ချေးခြင်းအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရန်ပုံငွေပံ့ပိုးပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အဆိုပါချေးငွေများနှင့် စီမံကိန်းလုပ်ငန်းများကို လိုလိုလားလား လက်ခံလျက်ရှိသောကြောင့် လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် တရုတ်စီမံကိန်းများစွာပေါ်လာခဲ့သည်။

သို့သော် အကြွေးထောင်ချောက်နှင့်စပ်လျဉ်း၍ ကြောက်လန့်မှုသည် တရုတ်နှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ခြိမ်းခြောက်လျက်ရှိသည်။ သီရိလင်္ကာတွင် ဟန်ဘာတိုတာဆိပ်ကမ်းကို တရုတ်နိုင်ငံသို့ အငှားစာချုပ်ဖြင့် ငှားရမ်းမှုနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်အနေဖြင့်လည်း အကြွေးနွံနစ်လာနိုင်မှုအပေါ် သံသယကြီးထွားလျက်ရှိသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်း၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ချေးငွေများယူထားရမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။

တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်၏နက်ရှိုင်းသော ကုန်သွယ်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများသည် တရုတ်နိုင်ငံကို ဝေဖန်တိုက်ခိုက်နေသည့် အမေရိကန်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှုတွင် ဘက်မလိုက်ဝါဒကျင့်သုံးရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အကြွေးထောင်ချောက်အပေါ် စိုးရိမ်ပူပန်လျက်ရှိသော်လည်း BRI နှင့် တရုတ်၏အခြားသော စီမံကိန်းများမှ အသားတင်အကျိုးအမြတ်များစွာရရှိလျက်ရှိသည်။ အသားတင်အကျိုးအမြတ်ဆိုသည်မှာ စီမံကိန်းတစ်ခုအတွက် ကုန်ကျစရိတ်များနုတ်ပြီးနောက် ကျန်ရှိသော အမြတ်စုစုပေါင်းပင်ဖြစ်သည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်သည် ချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားမူဝါဒကို အလေးထားချမှတ်အကောင်အထည်ဖော်ခဲ့သည်။ မြစ်ကမ်းဘေးတွင်တည်ရှိသော တိုင်းပြည်သည် စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုချဲ့ထွင်ရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်အဖြစ် သဘောထားလျက်ရှိသည်။

ထူးခြားသော အခြေခံအဆောက်အအုံ လိုအပ်ချက်များကြောင့် ဘင်္ဂလားဒေ့ရှ်အနေဖြင့် မြို့တော်ဒါကာပြင်ဘက်နှင့် ကမ်းရိုးတန်းဒေသများတွင် စီးပွားရေးဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ သာဓကအနေဖြင့် အဆင်ပြေချောမွေ့သောချိတ်ဆက်မှုနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ အခြေခံအဆောက်အအုံများမရှိလျှင် မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ပြောင်းလဲဖော်ဆောင်နိုင်မည် မဟုတ်ချေ။ စင်စစ်အားဖြင့် အဆိုပါဒေသနှစ်ခုစလုံးသည် အခြေခံအဆောက်အအုံများ လိုအပ်လျက်ရှိသည်။ အဆိုပါကွာဟချက်များဖြည့်ဆည်းရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများ လိုအပ်လျက်ရှိသည်။ တရုတ်၏ BRI စီမံကိန်းများ မရောက်ရှိသေးမီအချိန်ထိ ရှိရင်းစွဲဖွံ့ဖြိုးတိုးတက်မှု ဘဏ္ဍာရေးဈေးကွက်သည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာကုန်ကျမည့် စီမံကိန်းများစွာအတွက် လိုအပ်သော ရန်ပုံငွေများ စုဆောင်းနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်၏ လိုအပ်ချက်သည် BRI စီမံကိန်းအောက်တွင် ပထဝီစီးပွားရေး တိုးချဲ့လျက်ရှိသော တရုတ်၏ရည်မှန်းချက်နှင့် ကိုက်ညီလျက်ရှိသည်။

သာဓကအနေဖြင့် BRI ရန်ပုံငွေဖြင့် တည်ဆောက်သော အညစ်အကြေးသန့်စင်သည့် စက်ရုံမှ အကျိုးကျေးဇူးများစွာ ရရှိနေပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုးရေနှင့် နေအိမ်များမှစွန့်ပစ်ရေများသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေလျက်ရှိသည်။ လက်ရှိအချိန်တွင် အညစ်အကြေးသန့်စင်သည့်စက်ရုံများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သမုဒ္ဒရာများအတွင်းသို့ ညစ်ညမ်းသောရေများ မရောက်ရှိသေးမီ သန့်စင်ပေးလျက်ရှိသည်။ အဆိုပါရေများကို ပြန်လည်စုဆောင်းသန့်စင်ပြီး ပြည်သူများအသုံးပြုရန် ဖြန့်ဝေပေးလျက်ရှိသည်။ Dasherkandi ရေဆိုးသန့်စင်ရေးစက်ရုံအပြင် ဒါကာတွင်လည်း တရုတ်ရေဆိုးသန့်စင်ရေးစက်ရုံတစ်ရုံရှိနေသည်။ အဆိုပါရေဆိုးသန့်စင်စက်ရုံများသည် ဘင်္ဂလားဒေ့ရှ်အတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများပင်ဖြစ်သည်။

တရုတ်နိုင်ငံက ရန်ပုံငွေပံ့ပိုးထားသော အခြားစီမံကိန်းများမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို များစွာအကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ တရုတ်နည်းပညာများကို အသုံးပြုလျက် တရုတ်အင်ဂျင်နီယာများက အကောင်အထည်ဖော်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်ကိုယ်ပိုင်ရန်ပုံငွေဖြင့်တည်ဆောက်ထားသော Padma တံတားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းဒေသများကို အကျိုးဖြစ်ထွန်းနေပြီဖြစ်သည်။ အဆိုပါတံတားသည် ပို့ဆောင်ဆက်သွယ်ရေးလမ်းခရီးအကွာအဝေးကို သိသိသာသာလျှော့ချနိုင်သည့်အပြင် ၎င်းဒေသများကို မြို့တော် ဒါကာနှင့် တိုက်ရိုက်ချိတ်ဆက်ပေးနိုင်သည်။ ၎င်းတံတားသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ခရီးအကွာအဝေးကိုလည်းလျှော့ချနိုင်သောကြောင့် ကုန်တင်သင်္ဘောများကို များစွာအကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တံတားတစ်စင်းတည်းကပင်လျှင် တိုင်းပြည်၏ GDP ကို တစ်ရာခိုင်နှုန်းခန့်တိုးမြှင့်ပေးနိုင်ပြီး အမျိုးသားအဆင့် ဆင်းရဲမှုကိုလည်း သုည ဒသမ ၈၄ ရာခိုင်နှုန်းခန့် လျှော့ချသွားနိုင်သည်။ တရုတ်နိုင်ငံက ရန်ပုံငွေပံ့ပိုးထားသော စီမံကိန်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ အကြောင်းမူကား ၎င်းစီမံကိန်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လည်ပတ်နေသော စီးပွားရေးနှင့် စွမ်းအင်လိုအပ်ချက်တို့ကို အထောက်အကူပြုလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

BRI နှင့်အခြားသောစီမံကိန်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်းသစ်သောနည်းပညာများမိတ်ဆက်ပေးလျက်ရှိသည်။ သာဓကအနေဖြင့် Karnaphuli မြစ်အောက်ရှိ Bangabandhu ဥမင်လိုဏ်ခေါင်း စီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အသုံးပြုလျက်ရှိသော ပထမဆုံးဥမင်လိုဏ်ခေါင်းတူးသည့် စက်ကိရိယာပင်ဖြစ်သည်။ ၎င်းစီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ပထမဆုံးသော ရေအောက်တူးဖော်မှုလုပ်ငန်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဥမင်လိုဏ်ခေါင်းတူးသည့်စက်ကိရိယာ ရှိနေပြီဖြစ်သောကြောင့် ၎င်းပစ္စည်းကို တိုင်းပြည်၏ပထမဆုံးသော မြေအောက်ရထားလမ်းဖောက်လုပ်သည့် အစိတ်အပိုင်း၌ အသုံးပြုသွားမည်ဖြစ်သည်။

BRI စီမံကိန်းများသည် နည်းပညာလွှဲပြောင်းပေးခြင်း၊ စီးပွားရေးလုပ်ငန်းအားလုံး တိုးတက်စေခြင်းအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ချိတ်ဆက်ဆောင်ရွက်နိုင်မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့ကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ BRI စီမံကိန်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အသားတင်အကျိုးဖြစ်ထွန်းစေပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်သို့ ရန်ပုံငွေအမြောက်အမြား ပံ့ပိုးပေးခြင်းသည် အမေရိကန်၏အာရုံစိုက်မှုကိုဆွဲဆောင်နိုင်စေခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အင်အားကြီးနိုင်ငံများကြား ဘက်မလိုက်ဝါဒ ကျင့်သုံးနေသည့်တိုင်အောင် လက်ရှိအချိန်တွင် အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တရုတ်ဘက်သို့ယိမ်းသည့်နိုင်ငံအဖြစ် ရှုမြင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မလိုလားအပ်သော ကုန်ကျစရိတ်များနှင့် အကြွေးထောင်ချောက်များကို ရှောင်ရှားနိုင်မည့် အဓိကသော့ချက်သည် ပထဝီနိုင်ငံရေးဆိုင်ရာရှုထောင့်ရှိ ထူးခြားသောအခြေအနေများကို ဟန်ချက်ထိန်းညှိခြင်း၊ စီမံကိန်းများ၏စီးပွားရေးအရ လွတ်လပ်စွာဆောင်ရွက်ခြင်းနှင့် စဉ်ဆက်မပြတ်ဘဏ္ဍာငွေဖြည့်ဆည်းခြင်းတို့ လုပ်ဆောင်သွားရန်လိုအပ်သည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စီးပွားရေးအရ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အင်အားကြီးနိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံအပေါ် ပထဝီနိုင်ငံရေးဆိုင်ရာ အကျိုးအမြတ်ထုတ်စေနိုင်သည့် အခြေအနေမျိုးကို ရှောင်ရှားနိုင်ရေးအတွက် စေ့စပ်သေချာစွာ တွေးခေါ်ပြုမူဆောင်ရွက်သွားရန် လိုအပ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) ကို လွန်ခဲ့သော ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုခဲ့သောကြောင့် ယခုဆိုလျှင် ၁၀ နှစ်အတွင်းသို့ရောက်ရှိလာပြီ ဖြစ်သည်။ တရုတ်နိုင်ငံသည် နယ်ပယ်အားလုံးတွင် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရန်၊ ပွင့်လင်းမြင်သာမှု ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်နှင့် လူသားအားလုံး၏ ဘုံသာယာဝပြောမှုကို မြှင့်တင်ရန်အတွက် BRI အဆိုပြုခဲ့ခြင်းဖြစ်သည်။ BRI သည် အရှေ့တောင်အာရှ၊ တောင်အာရှ၊ အလယ်အာရှ၊ အနောက်အာရှ၊ မြောက်အာဖရိက၊ ဗဟိုဥရောပနှင့် အရှေ့ဥရောပထိ လွှမ်းခြုံချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါနယ်မြေများ၏ ကုန်းမြေစုစုပေါင်းသည်ကမ္ဘာ့မြေထု စုစုပေါင်း၏ သုံးပုံ၊ တစ်ပုံကျော်ရှိပြီး လူဦးရေ ၆၀ ရာခိုင်နှုန်းနှင့် GDP ၃၂ ရာခိုင်နှုန်းရှိသည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း BRI ဆက်နွယ်သော အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ လတ်တလောအနေဖြင့် အကြီးစားစီမံကိန်း သုံးခုကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် အခြားစီမံကိန်း ခြောက်ခုကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်အနေဖြင့် တရုတ်နိုင်ငံထံမှ စစ်ရေးဆိုင်ရာအကူအညီများအပြင် BRI မှတစ်ဆင့် စီးပွားရေးဆိုင်ရာ အထောက်အပံ့များကိုလည်း လက်တွေ့ခံစားနေရပြီဖြစ်ပေသည်။

❖ **BRI စီမံကိန်းများသည် နည်းပညာလွှဲပြောင်းပေးခြင်း၊ စီးပွားရေးလုပ်ငန်းအားလုံး တိုးတက်စေခြင်းအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ချိတ်ဆက်ဆောင်ရွက်နိုင်မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့ကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ BRI စီမံကိန်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အသားတင်အကျိုးဖြစ်ထွန်းစေပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်သို့ ရန်ပုံငွေအမြောက်အမြား ပံ့ပိုးပေးခြင်းသည် အမေရိကန်၏အာရုံစိုက်မှုကို ဆွဲဆောင်နိုင်စေခဲ့သည်။** ❖

**ကိုးကား**

- **Belt and Road a net benefet for Bangledesh by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Border trade camps handled US$1.229 billion of trade between Myanmar and China from April to July


Cargo trucks heading to the Chinese border.

**Nay Pyi Taw August 6**

Border trade camps opened along Myanmar-China border have managed the trade volume worth US$1.228 billion from April to July of the 2023-24 financial year, said deputy director Daw Cho Thet Mu of the Trade Policy Branch of the Trade Department.

In so doing, these camps handled export goods worth $683 million leading to China and import goods worth $545 million, totally amounting to $1.228 billion.

"During the three-month period, the border trade reached US$1.228 billion between Myanmar and China. Such an amount exceeded $470 million more than the same period of last financial year," she added.

Myanmar exports agricultural produce, onion, chili, rubber, marine products and other goods to China and imports construction materials, electronics, machinery, foodstuffs and medicines.

Myanmar operates border trade camps in Muse, Lweje, Chinshwehaw, Kengtung and Kanpaiti along Myanmar-China border to operate border trade measures.

ASH

# Maubin sells 98,700 bags of broken rice to Yangon in July

**Maubin August 6**

Up to 98,700 bags of broken rice were sold to Yangon in July, said Daw Myint Myint Htay, owner of rice wholesale center in Maubin Township.

Rice and broken rice dealers from Maubin Township have been selling locally produced broken rice to Yangon every month. In June of this year, they only sold 75,000 bags of broken rice.

"Broken rice from Maubin Township is mostly sold to Yangon. The demand for broken rice started from the first week of last July. Buyers from the Yangon are very keen to buy broken rice from us. Since Yangon bought a lot from us, the sale of broken rice is increasing," said Daw Myint Myint Htay.

One and a half baskets of broken rice from Maubin Township to Yangon cost 37,500 to 48,000 kyats per bag. As the sales of broken rice increased, it is convenient for traders, dealers, workers, and truck owners.

KKL


Bags of rice being loaded onto a truck.

# At least 19 killed and 50 injured in Pakistan train accident

**Islamabad August 6**

At least 19 people have been killed and 50 injured when a train derailed in southern Pakistan, officials say.

Several coaches of the Hazara Express overturned near Sahara railway station in Nawabshah, about 275km (171 miles) from the largest city Karachi.

Wounded passengers have been moved to nearby hospitals. Rescue teams are trying to free people from the twisted wreckage.

The army rescue teams have been called in to assist.

An emergency has been declared in the main hospitals in Nawabshah and neighbouring districts of Sindh.

Videos posted on social media show dozens of people at the site of the accident, with some passengers climbing out of the overturned coaches.

Federal Minister for Railways and Aviation Khawaja Saad Rafique is quoted by local media as saying officials would first focus on rescue efforts before investigating the cause of the accident.

Accidents on Pakistan's antiquated railway system are not uncommon.

In 2021, two trains travelling in Sindh province collided, killing at least 40 people and injuring dozens.

Between 2013 and 2019, 150 people died in such incidents, according to local media reports.

BBC

# Plan to sell Myanmar South Sea Pearl at the gems market in China through tender

**Yangon August 6**

The Myanmar Pearls Enterprise under the Ministry of Natural Resources and Environmental Conservation stated that Myanmar South Sea Pearl will be sold at the China's gems market through tender.

Such kind of pearl was introduced in Shenzhen of Guangdong Province of China on 26 and 27 July.

"MPE and South Asia Future Investment Group of Companies jointly held the introduction to pieces of Myanmar South Sea pearl at the market. It was attended by pearl merchants from China and Mongolia who gave high prices in purchasing pieces of Myanmar pearl. They were invited to attend the Myanmar Gems Emporium to be held in Myanmar in October," said Managing Director U Htay Aung of MPE.

A total of 150 merchants and 61 groups of Chinese and Mongolian gem merchants purchases Myanmar pearl at high prices at the introductory sales.

ASH

# Philippines accuses China of firing water cannon at boats in South China Sea

**Manila August 6**

The Philippine Coast Guard has accused its Chinese counterpart of firing water cannon at its vessels and blocking them in the disputed South China Sea.

It said this happened when its ship was escorting boats carrying supplies for Filipino soldiers stationed on one of the contested Spratly Islands.

The US condemned Beijing's "dangerous actions", also blaming Chinese "maritime militia" for the incident.

China has not publicly commented on the reported incident.

Beijing claims almost the entire South China Sea, including the Spratlys, which is also claimed in part by the Philippines.

There are also competing claims by Malaysia, Vietnam, Brunei and Taiwan.

In a statement, the Philippine Coast Guard (PCG) said the incident happened on Saturday as its vessels were heading to Second Thomas Shoal in the Spratly Islands.

It described China's actions as "excessive and unlawful", adding that they also violated international law.

Meanwhile, the US Department of State voiced its support for "our Philippine allies".

"Firing water cannons and employing unsafe blocking manoeuvres, PRC [China's] ships interfered with the Philippines' lawful exercise of high seas freedom of navigation and jeopardised the safety of the Philippine vessels and crew," the department said in a statement.

BBC



There have recently been a number of similar naval stand-offs - like this one in June - between the Philippines and China.

# Rice brokerages in Lanmadaw and Mayangon townships to sell rice at reduced prices from 7 August



Bags of rice stockpiled in a warehouse.

**Yangon August 6**

Shwebo Pawsan, Ayeyawady Pawsan and Emahta rice will be sold to the people at rice and paddy brokerages in Lanmadaw and Mayangon townships of Yangon Region starting from 7 August, said President of Myanmar Rice Federation U Ye Min Aung.

The federation and rice exporter companies aim to sell rice reserve at reduced prices to the people so as to stabilize the domestic rice market.

"The federation will sell out 50,000 bags of rice reserve to the people through Wadan and Bayintnaung rice brokerages. If necessary, we will sell more bags of rice. Buyers must show their citizenship scrutiny cards to the brokerages. The people who showed CSC can be allowed to buy one bag of Pawsan and one bag of Emahta rice for a month," said the president.

Additionally, departmental staff and employees from factories can contact the federation to purchase bags of rice, according to the MRF.

In this regard, Shwebo Pawsan is sold at K110,000-K120,000 per bag, Ayeyawady Pawsan K94,000-K97,000 per bag, Emahta (10%) K65,000 and Emahta (25%) K60,000.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Demand from China makes to increase chaste tree seeds price

**Mandalay August 6**

The prices of seeds from chaste trees, which are grown in the central regions of Myanmar, have increased due to good demand from China this season, according to Mandalay merchants.

At present, these seeds have been entering the Mandalay market from the last week of July. The price of these seeds has increased to 42,000 kyats per viss because of the good demand in China this season, said U Soe Win Myint, the owner of Soe Win Myint wholesale center in Mandalay.

The seeds are produced from chaste tree fruits in Waso and Wakhaung months, and the seeds were tested and sold to the Chinese market since ten years ago. At present, it is known that the market condition is also good as the seeds produced from areas such as Minbu, Salin, Saku, Yenangyoung, Chauk, Popa, Yamethin, Myingyan, Taungtha, Magway, Myittha, Meiktila, Monywa and Aungban are entering in the Mandalay market.

185



A thriving chaste tree plantation.

# Preparations made to export Myanmar's avocado to Thai market through G to G pact

**PyinOoLwin August 6**

Arrangements are being made to export avocado of Myanmar to Thai market through G to G pact, said joint general secretary of Myanmar Avocado Growers and Exporters Association U Myo Nyunt.

In Asia, sown acreage of avocado is lesser than the consumption. So, Myanmar is trying to export avocado to Thai market which has high demand due to yield of its avocado earlier than that of Myanmar. Currently, both Myanmar and Thai merchants are trying to export Myanmar's avocado to Thailand.

"We are seeking the way to sign the G to G pact to export avocado to Thailand through collaborative efforts of the Ministry of Commerce and crop protection section of the Agriculture Department. We do not have any data on export of Myanmar avocado to Thailand. Moreover, Merchants do not get correct prices of the fruits due to trading along the border. Hence, we plan to export the fruit to Thailand through G to G pact to get world prices. Now, yield of avocado is higher and higher at home," he explained.

Last season, Myanmar sent 2,000 tons of avocado to Thailand through border trade. Now, merchants from India, Malaysia, Singapore and Thailand offer to purchase avocado from Myanmar.

Avocado is planted in southern Shan State, Chin State, Mandalay Region, northern Shan State, and upper Sagaing Region. So far, some 20,000 acres of land is under avocado plantations.

185

# Pwe Khin entertainment plus special sales kicks off at Shwe Htut Tin Ground in Tamway Township

**Yangon August 6**

The entertainment and special sales comprising theatrical drama and circus is being staged in Shwe Htut Tin Ground in Tamway Township of Yangon Region, said theatrical drama performer Padamya Kay Khaing who managed the entertainment and sales.

The entertainment and special sales is being held at the aforesaid ground as from 4 August, from 7 am to 10 pm daily.

"The Pwe Khin programme will be held every Friday and Saturday from 4 August during the whole August for enabling the people to enjoy night life. The programme comprises shopping malls, plays, theatrical performances, circus, magic and other performances," she explained.

"Audiences can enjoy performances of Tin Maung San Min Win and San Hein in theatrical dramatic performances," the organizer added.

Performer Tin Maung San Min Win and film actor Kyaw Kyaw Bo from Shwe Mann theatrical drama troupe, San Hein and Padamya Kay Khaing from Sein Maha theatrical drama troupe, veteran performers Nan Win and Nan Khin Hmwe from Shwe Nan Tin troupe, actor Wai Lu Kyaw, actress Mammy Thet, performer Yekyi Chan Mya, singer Htet Inzali, actress Saung Eindray Tun, circus Azarni San San and other performers will participate in the programmes. At the sales, some 60 shops open to sell their goods.

The Pwe Khin entertainment at which some 500 audiences can enjoy will start in August till September. It will be broadcast on TV for audiences across the nation through Myanmar Art, Channel K and Sky Net Channel.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Bayraktar ဒရုန်းများပြုပြင်ရေးစင်တာတည်ဆောက်ရန် ယူကရိန်းနှင့် Baykar လက်မှတ်ရေးထိုး



ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် တူရကီကာကွယ်ရေးကုမ္ပဏီဖြစ်သည့် Baykar သည် ယူကရိန်းပိုင်နက်အတွင်း Bayraktar ဒရုန်းများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် ဝန်ဆောင်မှုစင်တာတစ်ခု တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ဇူလိုင် ၃၁ ရက်က Al Arabiya သတင်းဌာန၏ Website တွင် ရေးသားဖော်ပြထားသော ဆောင်းပါးအရ သိရသည်။

သဘောတူညီချက် သတင်းအပေါ် ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီး Kostiantyn Vashchenko က အတည်ပြုပေးခဲ့ပြီး မကြာမီကာလအတွင်း ပြုပြင်ထိန်းသိမ်းရေးစင်တာကို စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပူးတွဲစီမံကိန်းသည် ယူကရိန်းနိုင်ငံ၏ မောင်းသူမဲ့လေယာဉ်စနစ်များ စွမ်းရည်မြှင့်တင်ရန်နှင့် ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် မျှော်မှန်းထားသည်။

ထူးခြားသည်မှာ Baykar သည် Bayraktar ဒရုန်းများထုတ်လုပ်ရန်အတွက် ရည်ရွယ်ပြီး ယူကရိန်းတွင် စက်ရုံတစ်ရုံကို ယခင်ကတည်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဤကြေညာချက်ကို ယူကရိန်းနိုင်ငံ မဟာဗျူဟာမြောက် စက်မှုလုပ်ငန်းဝန်ကြီး OleksandrKamyshin က ယခုနှစ် ဇူလိုင်လ အစောပိုင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုစက်ရုံ တည်ဆောက်ရန် ဆုံးဖြတ်ခြင်းသည် တူရကီနှင့် ယူကရိန်းတို့ကြား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ရုရှား၏ အထူးစစ်ဆင်ရေးမတိုင်မီ ချုပ်ဆိုခဲ့သောမဟာဗျူဟာမြောက် သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

Bayraktar ဒရုန်းသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးမျိုးသောအထူးစစ်ဆင်ရေးများတွင် ၎င်း၏တိုက်ပွဲဝင်နိုင်စွမ်းရည် ထိရောက်မှုရှိသည့်အတွက် အသိအမှတ်ပြုမှု ရရှိထားသည့် ဒရုန်းအမျိုးအစားလည်းဖြစ်သည်။

ကြည်လင်ပြတ်သားမှု မြင့်မားသောကင်မရာများ၊ အပူအာရုံခံကိရိယာများနှင့် လေဆာလမ်းညွှန်ခဲယမ်းများ တပ်ဆင်ထားသည့် Bayraktar သည် မြေပြင်တပ်ဖွဲ့များအတွက် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ပစ်မှတ်စိစစ်ခွဲခြားခြင်း စသည်တို့ကို လုပ်ဆောင်ပေးနိုင်မည့် အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်သော ဒရုန်းအမျိုးအစားဖြစ်သည်။

သံချပ်ကာယာဉ်များ၊ အခိုင်အမာခံစစ်စခန်းများနှင့် တပ်ဖွဲ့ဝင်များအပါအဝင် ရန်သူ့ပစ်မှတ်များကို တိကျစွာချေမှုန်းနိုင်စွမ်းရှိသည့် ဒရုန်းများ၏ စွမ်းဆောင်ရည်သည် တူရကီ၏ လေကြောင်းစွမ်းအားနှင့် စစ်မြေပြင်တွင် စစ်ဆင်ရေးထိရောက်မှုတို့ကို များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

နိုင်ငံတကာပဋိပက္ခဇုန်များတွင် အဆိုပါဒရုန်းများ ဖြန့်ကြက်အသုံးပြုလာခြင်းသည် အဆင့်မြင့်စစ်ဘက် စစ်ဆင်ရေးများတွင် တိုက်ခိုက်ရေးဒရုန်းများ၏ အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသည်။

ယူကရိန်းတွင် ဒရုန်းပြုပြင်ရေးစင်တာ တည်ထောင်ခြင်းသည် Baykar ကုမ္ပဏီနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေပြီး ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် လက်ရှိအသုံးပြုလျက်ရှိသည့် ဒရုန်းများ ပြုပြင်ထိန်းသိမ်းရာတွင် လွယ်ကူချောမွေ့စေသည့်အပြင် ယူကရိန်းအော်ပရေတာများနှင့် ပြုပြင်ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအတွက် နည်းပညာပိုင်းဆိုင်ရာလွှဲပြောင်းခြင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်မြှင့်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

Bayraktar သည် စစ်ဆင်ရေးတွင် ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းအတွက် အသိအမှတ်ပြုထားသော နာမည်ကြီးတူရကီနိုင်ငံထုတ် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ စစ်ဆင်ရေးအမျိုးမျိုးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်အသုံးပြုလျက်ရှိသည်။

အဆိုပါဒရုန်းကို ယူကရိန်း၊ ဆီးရီးယားနှင့် လစ်ဗျားတို့အပါအဝင် ပဋိပက္ခဖြစ်ပွားနေသော ဒေသအသီးသီးတွင် အသုံးပြုခဲ့ကြသည်။ ထို့ပြင် Baykar သည် ကာတာနှင့် အဇာဘိုင်ဂျန် အပါအဝင် နိုင်ငံပေါင်း ၃၀ သို့ Bayraktar တင်ပို့ရောင်းချရန် သဘောတူညီချက်များချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

**Ukraine and Baykar team up for Bayraktar drone repair center amid escalating drone warfare ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖင်လန်နိုင်ငံသို့ David's Sling လေကြောင်းရန်ကာကွယ်ရေးစနစ်ရောင်းချရန် အမေရိကန်သဘောတူခွင့်ပြု

အမေရိကန်အစိုးရသည် David's Sling လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖင်လန်နိုင်ငံသို့ ရောင်းချပေးသွားရန် သဘောတူခွင့်ပြုကြောင်း ဩဂုတ် ၃ ရက်က အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ ပူးတွဲထုတ်လုပ်ထားသော David's Sling လက်နက်စနစ်အပါအဝင် အခြားလက်နက်စနစ်များကို တတိယနိုင်ငံထံရောင်းချမှုတွင် အစ္စရေးနှင့် အမေရိကန်တို့ နှစ်ဦးစလုံး၏ ခွင့်ပြုချက်လိုအပ်သည်။

အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Yoav Gallant က အမေရိကန်နိုင်ငံ၏ သဘောတူခွင့်ပြုချက်သည် ဖင်လန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံတို့ကြား သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ကိုအကောင်အထည်ဖော်ရန် အရေးကြီးသောခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းခြိမ်းခြောက်မှုများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်း၊ တုံ့ပြန်နိုင်ရန်နှင့် ၎င်းတို့၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်အတွက် အဆိုပါလေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ရောင်းချနိုင်ခဲ့မှုကို သမိုင်းမှတ်တိုင်သစ်ဟုခေါ်ဆိုခဲ့သည်။

ဖင်လန်နိုင်ငံသည် ဧပြီလတွင် လက်နက်စနစ်ဝယ်ယူမှုကို အတည်ပြုခဲ့ပြီး အစ္စရေးထုတ် တာဝေးပစ်လေကြောင်းကာကွယ်ရေးစနစ်၏ ပထမဆုံးသောပြည်ပဖောက်သည်နိုင်ငံဖြစ်လာရန် တစ်စတစ်စနီးကပ်လာခဲ့ပြီဖြစ်သည်။

ဖင်လန်နိုင်ငံအတွက် လက်နက်စနစ်ဗားရှင်းကို Rafael နှင့် Raytheon တို့ ဦးဆောင်သောအစ္စရေးနှင့် အမေရိကန်ကာကွယ်ရေးစက်မှုလုပ်ငန်းတို့က ပူးပေါင်းတီထွင်ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး ဖင်လန်စက်မှုလုပ်ငန်းနှင့် ပူးပေါင်းကာ သီးခြားဆက်စပ်လုပ်ငန်းတာဝန်များကို ပံ့ပိုးပေးသွားမည်ဟု အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးတို့၏ David's Sling လက်နက်စနစ်သည် ကျယ်ပြန့်သောဝေဟင်နှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို အနိုင်ယူတိုက်ဖျက်နိုင်ရန် ဒီဇိုင်းထုတ်ထားသော ပြီးပြည့်စုံသည့် လေကြောင်းရန်ကာကွယ်ရေးစနစ် အမျိုးအစားဖြစ်သည်။

၎င်းတွင် Stunner ဟု လူသိများသော အဆင့်မြင့်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်ခုပါရှိပြီး အဖျက်စွမ်းအားပြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိစွာ အသုံးပြုနိုင်မည့် ဒုံးကျည်အမျိုးအစားလည်းဖြစ်ကာ ပစ်မှတ်ကို ထိကွဲဖျက် (hit-to-kill)နည်းပညာ အသုံးပြုထားသည်။ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် အမြင့်ဆုံးအမြန်နှုန်း Mach 7.5 ဖြင့် ပျံသန်းနိုင်ပြီး အကွာအဝေး ကီလိုမီတာ ၃၀၀ (၁၈၆ မိုင်)ထိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

၎င်းကိုအချိန်နှင့်တစ်ပြေးညီပစ်မှတ်များ ပြောင်းလဲတိုက်ခိုက်နိုင်စွမ်းရှိပြီး ဘေးထွက်ဆိုးကျိုး ထိခိုက်ပျက်စီးမှုအန္တရာယ်ကို လျှော့ချရန် အကွာအဝေး စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖင်လန်နိုင်ငံ၏ ကြီးကြပ်ကွပ်ကဲမှုစနစ်ဖြင့် ပေါင်းစပ်အသုံးပြုသွားမည့် အဆိုပါလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ရန်သူ့လေကြောင်းတိုက်ခိုက်ခြင်းများမှ ဖင်လန်နိုင်ငံကို လွှမ်းခြုံကာကွယ်ပေးနိုင်စွမ်း ပိုမိုအားကောင်းစေမည်ဟု မျှော်မှန်းထားသည်။




**US Approves David's Sling Air Defense System Sale to Finland: Israel ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၄၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၄၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၁၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝါ ၄၄၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါဧက ၁၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ ကျန်ရှိနေတဲ့စိုက်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေဆဲပါ။ ဝါသီးနှံကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးရာသီ အမီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံ ဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်း ကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မောက်မယ်မြို့နယ် ထီတခေါ့ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဩဂုတ် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ဟိုနမ့်ကျေးရွာအုပ်စု ထီတခေါ့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ထီတခေါ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# တောင်သာမြို့နယ် ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ Slab Culvert တည်ဆောက်နေမှု စစ်ဆေး

**တောင်သာ ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီးတောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက တာဝန်ရှိသူများနှင့်အတူ ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ Slab Culvert တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၁၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သက်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်**



**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၈-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အလင်းဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် မိုင်းခတ်တပ်နယ်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင် နှစ်ဦးကို ဝန်ခံကတိ လက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံပေးစဉ်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ ပေးအပ်စဉ်။



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် မြဝတီမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ ကြခတ်တောဘုန်းတော်ကြီးကျောင်း၊ စနေဆွမ်းလောင်းဓမ္မာရုံ၊ ဓိဋ္ဌာန်အောင်ဓမ္မာရုံနှင့် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၊ ကမော့ကချူ Cyclone Shelter နှင့် မြို့မဂျာမေဗလီတို့သို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်နန်းညီနောင်တပ်နယ်နှင့် လှိုင်းဘွဲတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဘူးများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

နယ်မြေခံ တပ်မတော်သားများက မုန်တိုင်းဒဏ်သင့် ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးစဉ်။



# KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦးထိခိုက်ဒဏ်ရာများရရှိ



လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာ အတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက်နေ့တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင်အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင်ကသာမြို့နယ် မြေခုကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀ ခန့်အကွာမှ မိုးတားလေး ကျေးရွာဘက်သို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ ဦးကျော်ဆန်း၏ နေအိမ်အပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်အတွင်းရှိ အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦးတို့တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထို့ပြင် ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဗုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလား အပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင် ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ ဝင်များအနေဖြင့် လိုအပ်သည့် တုန့်ပြန် မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# တရားမဝင် အလုကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာဩဂုတ် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ ကစင်ကျေးရွာ၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာ ထားသည်ထက် ပိုမိုပါရှိလာသည့် Jersey Fabric Plain ကီလိုဂရမ် ၅၀၀၀၊ Cosmetic Camella Whitening Clear Cream ၁၄၄၀ ဘူး၊ Mano One-Six-Twelve Injection ၂၅၀၀၀ ခု၊ ITR Hydraulic Oil ၁၀ စည် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၄၅၀၀၀ နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Battery Bicycle အစီး ၄၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၂၀၇၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က မရမ်း ချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် Lactasoy Soy Milk ဘူး ၇၂၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို လည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာ ထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Coconut Fiber Sheet ကီလိုဂရမ် ၅၂၉၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၅၆၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၈၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ရန်ကုန် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က အမှတ်(၂) လမ်းမကြီး ရွာသာကြီး တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Gold Star Cycle Tube အခု ၂၁၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၂၇၇၀၊ အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Cheng long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၈၂၇၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။











အလားတူ ဩဂုတ် ၄ ရက်တွင် မန္တလေး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် ပျဉ်းကတိုးပါကေးဖြား သုည ဒသမ ၅၃၃၄ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၀၀၆၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စဉ့်ကူးမြို့ နယ် ပင်လယ်ကြီးပူးပေါင်းစစ်ဆေးရေး စခန်း၌ ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ခွဲသား၁၃ ဒသမ ၆၆၅၄ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၃၂၇၀၀ နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၁၂၇၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၆၂၆၁၃၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သိရသည်။

(သတင်းစဉ်)

# TNLA အဖွဲ့ဝင်များက ကျောက်မဲမြို့အတွင်း အလစ်အငိုက်ဝင်ရောက်၍ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်း နှစ်ဦးသေဆုံး၊ ငါးဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲ မြို့ အမှတ်(၁)ရပ်ကွက်အတွင်းသို့TNLA အဖွဲ့ဝင်များက အလစ်အငိုက် ဝင်ရောက်၍ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဌာန ဆိုင်ရာဝန်ထမ်း နှစ်ဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ ခွဲခန့်တွင် ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအရှေ့သို့ TNLA အဖွဲ့ဝင်များသည် Pajero အမျိုးအစား အဖြူရောင်မော်တော်ယာဉ်ဖြင့် ပင်လုံ လမ်းမကြီး၏ မြောက်ဘက်မှ မောင်းနှင် ရောက်ရှိလာပြီး အုပ်ချုပ်ရေးမှူးရုံးအတွင်း သို့ လက်ပစ်ဗုံးတစ်လုံးဖြင့် ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် ခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အုပ်ချုပ်ရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်း နှစ်ဦးသေဆုံးခဲ့ပြီး ငါးဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများကိုကျောက်မဲ မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကု သမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ကျောက်မဲမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

# စပိန်နှင့် ပြင်သစ်နိုင်ငံနယ်စပ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၁၃၀ ကျော် ရွှေ့ပြောင်း



မက်ဒရစ် ဩဂုတ် ၆

စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံနယ်စပ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၁၃၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စပိန်နိုင်ငံ ကက်တာလိုးနီးယားမီးသတ်တပ်ဖွဲ့၏ ယနေ့ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ France 24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံနယ်စပ်ရှိ Porthou မြို့အနီး ဧက ၁၀၀၀ ခန့် လောင်ကျွမ်းလျက်ရှိသောတောမီးသည် စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံကို ဆက်သွယ်ထားသော Porthou မြို့ရှိ မီးရထားဘူတာရုံကို ကူးစက်လောင်ကျွမ်းပြီးနောက် ကျေးရွာအများအပြားကို ခြိမ်းခြောက်မှုများဖြစ်ပေါ်လာခဲ့သဖြင့် အဆိုပါကျေးရွာများမှ လူ ၁၃၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကက်တာလိုးနီးယား မီးသတ်တပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြင်သစ်နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ လေယာဉ်များ အသုံးပြုဆောင်ရွက်လျက်ရှိသော်လည်း လေပြင်းတိုက်ခတ်မှုများကြောင့် အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လျှပ်စစ်လိုင်းများပြတ်တောက်ခဲ့ပြီး အဆိုပါဒေသရှိ လူဦးရေ ၄၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့နေရကြောင်း၊ Portbou မြို့နှင့် Figueres မြို့များကြား ဆက်သွယ်ထားသော ရထားပို့ဆောင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားရပြီး Portbou မြို့နှင့် ပြင်သစ်နယ်စပ်ကြား အဓိကဆက်သွယ်ထားသော နယ်စပ်လမ်းကြောင်းကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။

AZH

# တရုတ်နိုင်ငံတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အဆောက်အအုံများပြိုကျပြီး လူ ၂၁ ဦးဒဏ်ရာရ

ပေကျင်း ဩဂုတ် ၆

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ယနေ့နံနက်ပိုင်းက ၅ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အဆောက်အအုံများပြိုကျပျက်စီးပြီး လူ ၂၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ South China Morning Post သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံမြို့တော် ပေကျင်းမြို့၏တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ Dezhou မြို့အနီးတွင် ဗဟိုပြုရှိ ဒေသစံတော်ချိန် ယနေ့နံနက် ၂ နာရီ ၃၃ မိနစ်တွင် အင်အား ၅ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း China Earthquake Nerworks Center က အတည်ပြုထုတ်ပြန်ခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ၁၂၆ လုံးပြိုကျခဲ့ကာ လူ ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြို့တော်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဒေသတွင်း ရုပ်သံအစီအစဉ်တစ်ခုတွင် ငလျင်လှုပ်ခတ်မှုကြောင့် Dezhou မြို့သူမြို့သားများ အဆောက်အအုံများအတွင်းမှထွက်၍ လမ်းများပေါ်တွင် နေထိုင်လျက်ရှိကြပုံနှင့် အဆောက်အအုံများ ကွဲအက်ပြိုကျနေပုံတို့ကို ထုတ်လွှင့်ပြသခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူမရှိသေးကြောင်း သိရသည်။

ငလျင်သည် မြေအောက် အနက်ပေ ခြောက်မိုင်ခန့်အကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး Dezhou မြို့တွင် ဓာတ်ငွေ့ပိုက်လိုင်းများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်ငွေ့ဖြန့်ဖြူးရေးလုပ်ငန်းများ ယာယီရပ်ဆိုင်းထားရကာ တာဝန်ရှိသူများအနေဖြင့် ရထားလိုင်းများ ပျက်စီးနိုင်ခြေရှိ၊ မရှိကို စစ်ဆေးလျက်ရှိကြောင်း မြို့တော်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနသည် ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပေကျင်း-ရှန်ဟိုင်းနှင့် ပေကျင်း-ကိုလွန်း မီးရထားလမ်းများအပါအဝင် မီးရထားလိုင်းတချို့ကို ပြေးဆွဲမှု ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

AZH

# သီရိလင်္ကာနိုင်ငံသမ္မတကို မိုးခေါင်ရေရှားပါးမှုပြန်လည်ထူထောင်ရေးအစီအစဉ် ထုတ်ပြန်ကြေညာရန် လွှတ်တော်အမတ်နမ်မယ် တိုက်တွန်း

ကိုလံဘို ဩဂုတ် ၆

သီရိလင်္ကာနိုင်ငံရှိ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရသောနယ်မြေများတွင် နေထိုင်သောပြည်သူများအတွက် မိုးခေါင်ရေရှားမှု ပြန်လည်ထူထောင်ရေးအစီအစဉ်များ ထုတ်ပြန်ကြေညာသွားရန်အတွက် သမ္မတရနီလ်ကို လွှတ်တော်အမတ်နမ်မယ်က တိုက်တွန်းသွားခဲ့ကြောင်း Daily Mirror သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသွင်းရတော့မည့်ကာလတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြစ်ပေါ်နေခြင်းကြောင့် တောင်သူများ အခက်တွေ့နေပြီး ကျွဲ၊ နွားမွေးမြူရေးတိရစ္ဆာန်များလည်း မိုးခေါင်ရေရှားပါးမှုကြောင့် စားကျက်များရှားပါးလာသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးခေါင်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရသောဒေသများမှာ သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ပိုင်း၊ တောင်ဘက်ပိုင်း၊ အလယ်ပိုင်းရှိစီရင်စုများတွင်ဖြစ်ပြီး ဒေသခံတချို့မှာ နေရပ်ကိုစွန့်ခွာရသည်ထိ အခြေအနေဆိုးရွားလျက်ရှိကြောင်း သိရသည်။

"အခုလို မိုးခေါင်ရေရှားပါးတဲ့ပြဿနာနဲ့ရင်ဆိုင်နေရချိန် ပြည်သူတွေအတွက် သမ္မတကြီးနဲ့ သူ့ရဲ့ အစိုးရအဖွဲ့တွေဟာ မိုးခေါင်ရေရှားပါးမှု ပြန်လည်ထူထောင်ရေးအစီအစဉ်တွေကို ဘယ်လိုရေးဆွဲထားပြီး ဘယ်တော့ထုတ်ပြန်ကြေညာမလဲဆိုတာ သမ္မတကြီးကိုပဲ မေးခွန်းထုတ်ရမယ်။ မိုးခေါင်ရေရှားပါးတဲ့ပြဿနာကြောင့် တောင်သူတွေ တော်တော်လေးအခက်တွေ့နေပြီဖြစ်ပါတယ်။ ဒီလိုပြည်သူတွေ အကူအညီလိုအပ်နေချိန်မှာ အကူအညီတွေ အမြန်ဆုံးပေးနိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အဆင့် မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေကြေညာပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်တွေကို ထုတ်ပြန်ကြေညာသင့်တဲ့အခြေအနေ ရောက်နေပြီဖြစ်ပါတယ်"ဟု လွှတ်တော်အမတ်တစ်ဦးဖြစ်သူ နမ်မယ်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**



# ပေါ်တူဂီနိုင်ငံ ကက်စတယ်လိုဘရန်ကိုနယ်မြေတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းနေပြီး နေအိမ်များသို့ ကူးစက်လာနိုင်ဖွယ်ရှိနေ

လစ္စဘွန်း ဩဂုတ် ၆

ပေါ်တူဂီနိုင်ငံ ကက်စတယ်လိုဘရန်ကိုနယ်မြေတွင် ဩဂုတ် ၅ ရက်ကစ၍ တောမီးပြင်းထန်စွာလောင်ကျွမ်းနေပြီး နေအိမ်များသို့ ကူးစက်လာနိုင်ဖွယ်ရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု skynews သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပေါ်တူဂီနိုင်ငံတွင် ဩဂုတ်လသည် အပူချိန်အမြင့်ဆုံးသောလဖြစ်ပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ကျော်ထိအသုံးပြုထားပြီး လေယာဉ် ၁၄ စင်းထိ အသုံးပြုထားကာ နေအိမ်များသို့ တောမီးမကူးစက်စေရေးအတွက် ဦးစားပေးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

လေတိုက်နှုန်းလည်း မြင့်တက်နေသည့်အတွက်ကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်းမှာ မြန်ဆန်နေပြီး အချိန်တိုအတွင်း တောမီးလောင်ကျွမ်းသည့်ဧရိယာ ကျယ်ပြန့်လာခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ရာနှုန်းပြည့်ပျက်စီးသွားခဲ့သည့် သစ်တောမြေ ၆၀ စတုရန်းကီလိုမီတာထိရှိနေပြီး တောမီးကို ထိန်းချုပ်နိုင်ရေးမှာ ခက်ခဲဖွယ်ရှိနေကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များမှာလည်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာမှ ၁၀၀ ကီလိုမီတာထိ ပျံ့နှံ့ရောက်ရှိနေကြောင်း ပေါ်တူဂီမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ကက်စတယ်လိုဘရန်ကိုနယ်မြေရှိ ကျေးလက်ဒေသ ၁၀၀ မှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် လစ္စဘွန်းမြို့ကိုလည်း ကူးစက်နိုင်ခြေရှိနေပြီး တောမီးအန္တရာယ် အဓိရောက်အဆင့်အဖြစ် သတ်မှတ်လိုက်ကြောင်း ပေါ်တူဂီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။ **ခိုင်းဆက်**

# တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စီးပွားရေးဆုံးရှုံးနစ်နာမှု ဇူလိုင်လတွင် စံချိန်တင်မြင့်တက်

ပေကျင်း ဩဂုတ် ၆

တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးဆုံးရှုံးနစ်နာမှု ဇူလိုင်လတွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း တရုတ်အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်ဟု SCMP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ဆုံးရှုံးနစ်နာမှုပမာဏစုစုပေါင်းထက် ဇူလိုင်လတစ်လအတွင်း ဆုံးရှုံးနစ်နာမှုက ပိုမိုများပြားခဲ့ကြောင်းလည်း စစ်တမ်းများနှင့်တကွ တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း၊ ဇူလိုင်လတစ်လအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စီးပွားရေး ဆုံးရှုံးနစ်နာခဲ့ရသော ပမာဏမှာ ယွမ် ၄၁ ဒသမ ၁၈ ဘီလီယံထိရှိခဲ့ပြီး ဇန်နဝါရီလမှ ဇွန်လအတွင်း ဆုံးရှုံးနစ်နာခဲ့ရသော ပမာဏထက် ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း အားကောင်းသည့် တိုင်ဖွန်းမုန်တိုင်း နှစ်ကြိမ်တိုက်တိုက် တိုက်ခတ်ခဲ့ခြင်းကြောင့်လည်း ပျက်စီးဆုံးရှုံးမှုနှင့် စီးပွားရေး ထိခိုက်နစ်နာမှုပမာဏ များပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေကျင်းမြို့တော်တွင် ဇွန်လက အပူချိန်အမြင့်ဆုံးမြင့်တက်ခဲ့သောလအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဇူလိုင်လတွင် နှစ်ပေါင်း ၁၄၀ အတွင်း အဆိုးရွားဆုံးသော မိုးရွာသွန်းမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ဩဂုတ်လအတွင်း၌လည်း မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အတွက် ပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

တရုတ်အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် စီးပွားရေးထိခိုက်နစ်နာမှု ပမာဏစုစုပေါင်းမှာ ယွမ် ၃၈ ဒသမ ၂၃ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# လူငယ်နှင့်အကျင့်

သောင်းမြတ်ထွန်း(မြန်မာ့ဟန်)

လူငယ်တွေဆိုတာ ကျွန်တော်တို့ လူ့အဖွဲ့အစည်း၊ ကျွန်တော်တို့ တိုင်းပြည်အတွက် အလွန်အရေးပါလှပါတယ်။ တစ်နည်းပြောရရင် လူငယ်ဆိုတာ နိုင်ငံရဲ့ အနာဂတ်ပါပဲ။ ဒီလိုဆိုတော့ လူငယ်လေးတွေဟာ ကောင်းမွန်မှန်ကန်စွာနဲ့ ရှင်သန်ကြီးပြင်းဖို့ လိုလာပြန်ပါတယ်။ လူငယ်အရွယ်ဟာ စူးစမ်းချင်စိတ် အပြင်းပြဆုံးအချိန်လဲဖြစ်ပါတယ်။ ဒီအရွယ်(ဆယ်ကျော်သက်)မှာစဉ်းစားဆင်ခြင်မှုကိုလဲ အပြည့်အဝ အသုံးမချတတ်သေးပါဘူး။ ဒါကြောင့် လူငယ်တွေကို ကျွန်တော်တို့တွေ လမ်းမှန်ပေါ် လျှောက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သင့်ပါတယ်။

ဒီနေရာမှာ ကျွန်တော်ကြားဖူးတဲ့ ဆုံးမစကားလေးကို သတိရမိပါတယ်။ အဲဒါလေးကတော့ "ကလေး ကလေး၊ အထင်မသေးနဲ့ ကလေးကြီးလို့ လူကြီးဖြစ်တာ ကလေးကောင်းမှ လူကြီးကောင်းမယ်၊ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမယ်"ဖြစ်တယ်။

သိပ်ကောင်းတဲ့ စကားလေး။ မှန်တာပေါ့ "အစကောင်းမှ အနှောင်းသေချာ"ဆိုသလိုပါပဲ။ ကလေးဘဝ၊ လူငယ်ဘဝမှာကတည်းက အကျင့်ကောင်းတွေ မွေးမြူသွားနိုင်ဖို့လိုပါတယ်။ ဒီလို အကျင့်ကောင်းတွေ စွဲမြဲလုပ်ဆောင်နိုင်ဖို့ လူငယ်တွေမှာ အဓိကတာဝန်ရှိတာပါ။ လူငယ်တွေအနေနဲ့လဲ မိမိတို့ဘဝမှာ အကျင့်ကောင်းတွေ စွဲစွဲမြဲမြဲလုပ်နိုင်ဖို့ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် လူကြီးမိဘ၊ ဆရာသမားတွေကလဲ လူငယ်တွေကို ပစ်မထားဘဲ အကျင့်ကောင်းတွေ လုပ်ဆောင်လာနိုင်အောင် ဆုံးမညွှန်ပြသင့်သလို ကိုယ်တိုင်လဲ စံပြအဖြစ် ကျင့်ကြံနေထိုင်ကြရပါမယ်။

လူသားတိုင်းမှာ အကျင့်ကိုယ်စီရှိကြပါတယ်။ အဲဒီအကျင့်တွေက တစ်ယောက်နဲ့ တစ်ယောက်တော့ မတူညီနိုင်ပါဘူး။ မိမိတို့ နေထိုင်ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်၊ လူပုဂ္ဂိုလ်တွေရဲ့ လွှမ်းမိုးမှုတွေကြောင့် အဓိကကွာခြားသွားကြတာဖြစ်ပါတယ်။ အကျင့်ဆိုတာကလဲ ပြုလုပ်ပါများရင် မလုပ်ရမနေနိုင် ဖြစ်နေတာမျိုးပါ။ ဥပမာ-အကြောင်းအရာတစ်ခုခုကို ကျွန်တော်တို့ လုပ်လိုက်တယ်၊ လုပ်လိုက်တိုင်းလဲ မိမိတို့စိတ်မှာ ကျေနပ်နှစ်သိမ့်မှု ရရှိတာမျိုးပါ။ ဒီလိုကျေနပ်မှုရရှိတော့ နောက်ထပ် ထပ်ပြီးပြုလုပ်ချင်လာတယ်။ ဒီလိုနဲ့ အကျင့်ပါတယ်ဖြစ်သွားတတ်တယ်။

အကျင့်ပါတယ်ဆိုတဲ့နေရာမှာ အကျင့်ပါအောင် ပြုစုပျိုးထောင်လို့လဲရပါတယ်။ အကျင့်မပါတော့အောင် ကြိုးစားပြုပြင် ဖျောက်ဖျက်လို့လဲ ရပြန်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်ကဗျာဆရာ ဂျွန်ဒရိုင်းဒင်းရဲ့ အဆိုအမိန့်လေးကို သတိရမိပါတယ်။ "We first make our habits and then our habits make us. ပထမသော် အလေ့အထကို ကိုယ်က ဖန်တီး၍ နောက်သော် အလေ့အထက ကိုယ့်ကို ဖန်တီးလေတော့သည်တဲ့"။ ကျွန်တော်တို့ဘဝမှာ သိလို့တစ်မျိုး၊ မသိလို့ တစ်မျိုးနဲ့ အလေ့အထတွေ ပြုလုပ်မိရင်းနဲ့ဘဝမှာ ကိုယ်ကိုယ်တိုင် သတိမထားမိတဲ့ အကျင့်လေးတွေ လုပ်နေမိတတ်ပါတယ်။ ဒီလိုအကျင့်လေးတွေက မိမိတို့ဘဝတွေမှာ များစွာသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ ကောင်းမွန်မှန်ကန်တဲ့အကျင့်တွေ ပြုလုပ်မိရင် မိမိအဖို့ ကောင်းကျိုးတွေများစွာ ခံစားရမှာဖြစ်ပါတယ်။ အဲဒီလိုပါပဲ မကောင်းတဲ့အကျင့်တွေ ပြုလုပ်မိရင် မကောင်းကျိုးတွေ ခံစားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အလုပ်ထဲက အသိတစ်ယောက်ဆို စကားပြောရင် ကြမ်းတမ်းတဲ့စကား အမြဲပါတယ်။ သူ့မိသားစုကို ကြည့်လိုက်တော့လဲ သူ့အဖေက စကားပြောရင် အာကြမ်းလျှာကြမ်း အဆဲနဲ့အဆိုနဲ့။ အဲဒီလိုဆိုတော့ သူလဲနားရည်ဝပြီး ကျင့်သားရပုံသွင်းခံရတယ်ထင်ပါတယ်။ သူစကားပြောရင် အကြောင်းအရာ တိုတိုပဲပြောပြော၊ ရှည်ရှည်ပဲပြောပြော အဆဲပါတယ်။ သတိထားမိသလောက် သူပြောတိုင်း အဆဲနဲ့၊ တစ်ခါတစ်ရံ မကြားဝံ့မနာသာတွေတောင် ပြောတာမျိုးပါ။ အဆဲမပါရင် စကားမပြောတတ်တော့ဘူးဆိုတာမျိုးဖြစ်နေတာပါ။ အဲဒီလိုဆိုတော့ သူ့အကျင့်ကိုသိနေတဲ့ ကျွန်တော်တို့လို ဓာတ်သိတွေတောင် တစ်ခါတလေကျ စိတ်ထဲဘဝင်မကျဖြစ်မိပါတယ်။ ကျွန်တော်တို့အနေနဲ့လဲ အကျိုးအကြောင်းပြောပြရင် သိပ်လက်မခံတော့ လက်လျှော့ထားရတယ်။ ကြာတော့ သူနဲ့ပတ်သက်ရမှာ တဖြည်းဖြည်းကြဉ်ဖယ်ချင်လာတယ်။ မပြောမဖြစ်မှ ပြောတော့တယ်။ ဒါဟာ သူ့ရဲ့ဆဲဆိုတဲ့အကျင့်ကြောင့်ပါ။ သူကိုယ်တိုင်လဲ မကောင်းမှန်းတော့သိတယ်။ ဒါပေမဲ့ အကျင့်ဆိုတာ ပြင်ဖို့ခက်တယ်။ လူငယ်တွေလဲ အကျင့်ဆိုးတွေရှိနေရင် အစွမ်းကုန်ကြိုးစားပြင်ကြရပါမယ်။

> ❖ လူငယ်တွေအနေနဲ့ အကျင့်ကောင်းကို မွေးမြူနိုင်ဖို့ အထူးလိုအပ်လှပါတယ်။ မိမိမှာ ဘယ်လိုအကျင့်ဆိုးတွေရှိနေလဲ၊ ဘယ်လို အကျင့်ကောင်းတွေပိုင်ဆိုင်ထားလဲ စသဖြင့် သတ္တိရှိရှိ စစ်ဆေးကြည့်သင့်ပါတယ်။ ဒီလိုစစ်ဆေးကြည့်ဖို့ အမှား၊ အမှန်ခွဲခြားသိဖို့ လူငယ်တွေ စာဖတ်ဖို့လိုပါတယ်။ ဒါကြောင့် လူငယ်တွေ တစ်ယောက်ချင်းစီတိုင်းက အကျင့်ကောင်းတွေ မွေးမြူလာနိုင်တာနဲ့အမျှ မိမိအတွက်လဲ ကောင်းကျိုးတွေ ခံစားရမှာဖြစ်သလို မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ဂုဏ်ကိုပါ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ❖

မိမိတို့ရဲ့အကျင့်တွေက မိမိတို့ဘဝအပေါ် များစွာ သက်ရောက်မှုရှိတာကို အထက်ပါဖြစ်ရပ်လေးမှာ တွေ့နိုင်ပါတယ်။ "ကိုယ်စိုက်ပျိုးတာကိုပဲ ကိုယ်ပြန်ရိတ်သိမ်းရမယ်"ဆိုတဲ့ စကားလေးလိုပါပဲ။ အကျင့်ဆိုးတွေ ရှိနေတယ်၊ လုပ်မိနေတယ်ဆိုရင် ဘဝမှာကျဆုံးမှုတွေကို လက်ခံရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ အကျင့်ကောင်းကိုမွေးမြူထားရင် အောင်မြင်မှုတွေ ပိုင်ဆိုင်လာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ စာဖတ်သူတို့ပတ်ဝန်းကျင်မှာလဲ တွေ့ကြုံဖူးကြမှာပါ။ ဒါက အနီးစပ်ဆုံးဖြစ်ရပ်လေးကို မျှဝေပေးခြင်းမျှသာဖြစ်ပါတယ်။ အခြားသောအကျင့်ပါနေတဲ့ ဖြစ်ရပ်သာဓကတွေလဲ များစွာရှိကြပါတယ်။

ထမင်းစားပြီးရင် ဆေးလိပ်သောက်လိုက်ရမှ ဆိုတာမျိုး၊ ဘုရားမရှိခိုးဘဲ အိပ်ရာဝင်မိရင်တောင် အိပ်မပျော်တာမျိုး၊ ရေချိုးခါနီးရင် လက်ကိုဆပ်ပြာနဲ့ အရင်ဆေးရမှ စိတ်ကျေနပ်တာမျိုး၊ အိမ်သာတက်ရင် ဆေးလိပ်သောက်ရမှ အဆင်ပြေတာမျိုး စသဖြင့် စွဲနေတဲ့အကျင့်ကောင်းတွေ၊ အကျင့်ဆိုးတွေ များစွာ ရှိကြပါတယ်။

နောက်တစ်ခုက အကျင့်ကောင်းတယ်၊ အကျင့်ဆိုးတယ်ဆိုတာက ပတ်ဝန်းကျင်ပေါ်မှာလဲ မူတည်တတ်ပါတယ်။ ဘာကြောင့်ပြောရလဲဆိုတော့ ပတ်ဝန်းကျင်ကလဲ ဒီနေ့လူငယ်တွေအပေါ် များစွာလွှမ်းမိုးနေပါတယ်။ ပတ်ဝန်းကျင်ဟာ အကျင့်ဖြစ်ပေါ်ဖို့အတွက် အများကြီးထောက်ပံ့ပေးနိုင်ပါတယ်။ "အတုမြင် အတတ်သင်"၊ "မုဆိုးနားနီး မုဆိုး၊ တံငါနားနီးတံငါ" ဆိုသလိုပါပဲ။ ဒါကြောင့် ပတ်ဝန်းကျင်က ကျွန်တော်တို့အကျင့်တွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ပတ်ဝန်းကျင်ကအကျင့်တွေ လူငယ်တွေအပေါ် အများကြီး သက်ရောက်ကြီးစိုးနိုင်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အကြောင်းအရာလေးတစ်ခုကို မျှဝေပေးလိုပါတယ်။ ဒီအကြောင်းအရာလေးကတော့ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ပထမတွဲထဲက မဟိဠာမုခဇာတ် အတိတ်ဝတ္ထုဆိုတဲ့ ဇာတ်ဝတ္ထုလေးပဲဖြစ်ပါတယ်။ လွန်လေပြီးသောအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုနေချိန်မှာ ဘုရားလောင်းဟာ မင်းရဲ့ အမတ်ဖြစ်ခဲ့ပါတယ်။ ဗြဟ္မဒတ်မင်းမှာ မဟိဠာမုခအမည်ရှိတဲ့ မင်္ဂလာဆင်တော်ရှိပါတယ်။ မင်္ဂလာဆင်ဟာ အကျင့်ကောင်းနဲ့လဲပြည့်စုံပါတယ်။ တစ်ဦးတစ်ယောက်ကိုမှ မညှဉ်းဆဲ၊ မသတ်ဖြတ်ဘူး။ ဒီလိုနဲ့ တစ်နေ့မှာ မင်္ဂလာဆင်ရဲ့ တင်းကုပ်အနီးကိုညဉ့်အချိန် ခိုးသူတွေလာပြီး ခိုးဖို့ရာအမျိုးမျိုးလာရောက်တိုင်ပင်ကြပါတယ်။ ဒီလိုနဲ့ တိုင်ပင်လာကြတာ ရက်ပေါင်းကြာလာတဲ့အခါ ဆင်ကြီးဟာ ခိုးသူတွေရဲ့ စကားကို ကြားပါများပြီး နားယဉ်သွားကာ ငါ့ကိုဆုံးမနေတယ်လို့ နှလုံးသွင်းမိပြီး ရှန့်ရင်းကြမ်းတမ်းလာပါတော့တယ်။

ဒီလိုနဲ့ ရောက်လာတဲ့ဆင်ထိန်းတွေကို တစ်ယောက်ပြီးတစ်ယောက် နှာမောင်းနဲ့ယူပြီး မြေမှာ ပုတ်သတ်ခဲ့ပါတယ်။ ဒီလိုသတ်ခဲ့တာကြောင့် မဟိဠာမုခဆင်ဟာ ရူးသွားသလိုဖြစ်လာပါတယ်။ ဘုရင်ကလဲ ဘုရားလောင်းအမတ်ကို ဘာကြောင့်ဆင်ပျက်စီးတယ်ဆိုတာကို စုံစမ်းစေပါတယ်။ ဘုရားလောင်းအမတ်ကလဲ အခြေအနေကို သေချာစုံစမ်းကြည့်ရာ ဆင်ရဲ့ ကိုယ်မှာ ရောဂါမရှိဘဲ ခိုးသူတွေကြောင့်သာ ပျက်စီးကြောင်း ဘုရင်အားလျှောက်တင်ပါတယ်။ ဒါကြောင့် ဘုရားလောင်းအမတ်ဟာ သီလရှိတဲ့ရဟန်းပုဏ္ဏားတွေကို ဆင်ဘေးမှာနေစေပြီး သီလအကျင့်အကြောင်းကို ပြောဆိုကျင့်ကြံနေထိုင်စေပါတယ်။ မင်္ဂလာဆင်လဲ ဒီလိုနဲ့ ကြာလာတာနဲ့အမျှ ငါ့ကိုသင်ပေးကုန်တယ်လို့ မှတ်ယူကာ လိမ်မာသွားပါတော့တယ်။ ဇာတ်တော်လေးကတော့ ဒီလောက်ပါပဲ။ ဒါကြောင့်မို့ လူငယ်တွေအနေနဲ့ ပတ်ဝန်းကျင်ကောင်းကို ရှာဖွေဖို့လိုပါတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ အကျင့်စရိုက်တွေကို အတုယူလိုက်နာဖို့ အထူးပင်လိုအပ်လှပါတယ်။

ဒါကြောင့် လူငယ်တွေအနေနဲ့ အကျင့်ကောင်းကို မွေးမြူနိုင်ဖို့ အထူးလိုအပ်လှပါတယ်။ မိမိမှာ ဘယ်လိုအကျင့်ဆိုးတွေရှိနေလဲ၊ ဘယ်လိုအကျင့်ကောင်းတွေ ပိုင်ဆိုင်ထားလဲ စသဖြင့် သတ္တိရှိရှိ စစ်ဆေးကြည့်သင့်ပါတယ်။ ဒီလိုစစ်ဆေးကြည့်ဖို့ အမှား၊ အမှန်ခွဲခြားသိဖို့ လူငယ်တွေ စာဖတ်ဖို့လိုပါတယ်။ ဒါကြောင့် လူငယ်တွေ တစ်ယောက်ချင်းစီတိုင်းက အကျင့်ကောင်းတွေ မွေးမြူလာနိုင်တာနဲ့အမျှ မိမိအတွက်လဲ ကောင်းကျိုးတွေ ခံစားရမှာဖြစ်သလို မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ဂုဏ်ကိုပါ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ လူ့အဖွဲ့အစည်းမှာ လိုအပ်နေတဲ့ စိတ်ဓာတ်ကောင်းမွန်မှုအကျင့်၊ စည်းကမ်းကောင်းမွန်မှုအကျင့်၊ စာရိတ္တကောင်းမွန်မှု အကျင့်ကောင်းတွေကို ကြိုးစားအားထုတ်ဆောင်ရွက်ပြီး နိုင်ငံတော်သစ်တည်ဆောက်ရာမှာ မိမိတို့တတ်စွမ်းတဲ့ဘက်က ပါဝင်ကြရမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု(ပထမတွဲ)မှ မဟိဠာမုခဇာတ်**

# ကျောက်မဲမြို့နယ် ကုန်းကော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျောက်မဲ ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကုန်းကော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ ရက်နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းကော်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကုန်းကော်ကျေးရွာတွင် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများအနက်မှ ငွေကျပ် သိန်း ၁၇၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နိုလာ**



0 w Kv d @

# ရွှေမေတ္တာ

ယဉ်ယဉ်(ရွှေခယ်မြေ)




(၁)

"အဟွပ် အဟွပ်"

ချောင်းဆိုးသံကြောင့် အိပ်ရာက လန့်နိုးတော့ မိုးလင်းနေပြီ။ အရီးတစ်ယောက် ဘာတွေတည်နေလဲမသိ။

"အရီး အစောကြီး ဘာတွေထချက်နေတာလဲ"

"ဆရာမ နိုးလာရင်စားလို့ရအောင် ကောက်ညှင်းလေး ထပေါင်းတာ"

"အစောကြီးအရီးရယ်၊ အသက်ကကြီးပြီ နားနားနေနေ နေပါတော့လား"

"အသက်ကြီးလာတော့ လူငယ်တွေနဲ့မတူတော့ဘူး ဆရာမရဲ့။ အအိပ်အနေ နည်းလာပြီ။ ဆရာမတို့အရွယ်ကတော့ အိပ်ကောင်း၊ စားကောင်းတုန်းပေါ့"

"ဖယ်ဖယ် ကျန်တာ ကျွန်မဆက်လုပ်မယ်အရီး"

"အမယ်လေး. . . နေပါတော်။ ဆရာမဘာသာ အခြားအလုပ်ရှိတာလုပ်ပါ။ လုပ်လက်စ ကောက်ညှင်းလေးနပ်တဲ့ထိ ကျုပ်ပဲလုပ်ပါ့မယ်တော်"

ပြောပြောဆိုဆို မီးပြောင်းကို တဖူးဖူးမှုတ်လိုက်၊ ချောင်းကဆိုးလိုက်နဲ့။ ခေါင်းပေါ်မှာလဲ ပြာတလူးလူးနဲ့။ အရွယ်ထက်ပိုအိုစာနေသလိုထင်ရတဲ့ အရီး ဒေါ်မြနှစ်ကို ခင်မြတ်သူ စိတ်မသက်သာသလို ကြည့်နေမိတယ်။ ခင်မြတ်သူက ဒီရွာကို မူလတန်းကျောင်းအုပ်ဆရာမအဖြစ်ပြောင်းလာတာ နှစ်နှစ်ကျော်ပြီ။ တစ်ကိုယ်တည်းသမားဖြစ်တာကြောင့် ကျောင်းနားလဲနီး၊ တစ်ယောက်တည်းနေတဲ့ မုဆိုးမ အရီးဒေါ်မြနှစ်အိမ်မှာ နေရာငှားပေးကြတယ်။ အရီးအိမ်လေးက ပျဉ်ထောင်၊ သွပ်မိုးအိမ်လေးပါ။ ရွာထဲမှာ အရီးရဲ့အိမ်လေးလို သိပ်များများမရှိ၊ အတော်အသင့်ကောင်းမွန်လှတယ်။ အသက် ၇၀ ကျော်ရှိပြီး တစ်ယောက်တည်းနေတာကြောင့် အဖော်လဲရ၊ စိတ်လဲချရတယ်။ အနေကြာလာတော့ မိသားစုလိုမျိုး သံယောဇဉ်တွယ်လာကြပြီး တောသူတောင်သားပီပီ အငြိမ်မနေဘဲ ဆေးပေါ့လိပ်ကြီးခဲရင်း အလုပ်နဲ့လက်နဲ့မပြတ်တဲ့ အရီးက ခင်မြတ်သူအတွက် ကြံ့ရင်ကြံ့သလို ချက်ပြုတ်ကျွေးနေပြန်တော့တယ်။ ခင်မြတ်သူကလဲ လစာထုတ်ရက်တိုင်း အရီးသုံးဖို့ အိမ်လခသဘောမျိုး အမြဲကန်တော့နေကျ။ မြို့ကိုပြန်ရင်လဲ အရီးအတွက် အကျီ၊ လုံချည်၊ အနွေးထည်က အစ အစားအသောက် မုန့်ပဲသရေစာအစုံနဲ့ ကန်တော့တယ်။

(၂)

ရွာထဲကလူတွေပြောလို့ အရင်တုန်းကတော့ အရီးက လယ်တွေဘာတွေပိုင်ပြီး အတော်ချမ်းသာကြောင်း၊ အိမ်ထောင်ကျပြီး ယောက်ျားကလဲ အလုပ်ကြိုးစားတဲ့သူဖြစ်လို့ ရွှေမရှား၊ ငွေမရှား ရွာထဲလူချမ်းသာစာရင်းဝင်ခဲ့ကြောင်းသိရတယ်။ ကံအကြောင်းမလှလေတော့ ယောက်ျားပိုးထိလို့ကွယ်လွန်ချိန် အရီးမှာ အရွယ်မရောက်သေးတဲ့ သားတစ်ယောက်နဲ့သမီးတစ်ယောက် ကျန်ခဲ့တယ်။

ကလေးတွေကိုလဲ ဖတဆိုးလေးတွေဆိုပြီး အလိုလိုက်တာကြောင့် သားသမီးတွေက အောက်သက်မကျေဘဲ အသုံးအစွဲကြီးကြတယ်။ သားကအရွယ်ရောက်လို့ အိမ်ထောင်ပြုတော့ အငှားချထားတဲ့လယ်လေးကို လုပ်စားဖို့ပေးလိုက်ရတယ်။ မိဘကိုတော့ တတ်နိုင်သလောက် ပြန်ထောက်ပံ့မယ်ပေါ့။ အစပိုင်းဟုတ်မလိုလိုနဲ့ နောက်ပိုင်း ရှုံးလို့၊ မကျန်လို့၊ ဘာလို့၊ ညာလို့ အကြောင်းပြချက်မျိုးစုံပြပြီး မိဘကို ပြန်မထောက်ချင်တော့။ မကြာပါဘူး။ အတူနေသမီးကလဲ လက်ကြောမတင်းတဲ့ ယောက်ျားနဲ့တွေ့ပြီး အိမ်ထောင်ကျတော့ ယောက်ျားက အရီးစုဆောင်းထားသမျှကို တတိတိ ဖြုန်းတော့တာပဲ။ အရီးကလဲ သမီးနဲ့မြေးတွေအပေါ် သံယောဇဉ်ကြီးတာကြောင့် သမက်က အလုပ်လုပ်မယ် ပြောတိုင်း အရင်းအနှီးထုတ်ပေးခဲ့ရလို့ ဆုံးရပေါင်းမနည်း။ နောက်ပိုင်း သူတို့မပြေလည်လို့၊ အရင်းအနှီးလိုလို့ ပေးစရာမရှိဘူးလဲဆိုကော အကြောင်းပြချက်အစုံပြပြီး အမေအိုငတ်တုတ်ရှိလျက်နဲ့ အိမ်ကိုရောင်းအမွေတောင်းဖို့ မျက်စောင်းထိုးကြတာကြောင့် ပြဿနာတွေဖြစ်ကြတဲ့ထိ။ အိမ်ရောင်းအမွေခွဲကြမယ်ဆိုတဲ့ သတင်းကြားတော့ ပြေလည်နေတဲ့ သားကလဲ သူ မရလိုက်မှာစိုးတာကြောင့် အပြေးအလွှား အမွေလာတောင်းနဲ့။ အရီးကတော့ အိမ်ကိုအထိမခံ။ မသိတတ်လွန်းတဲ့ သားသမီးတွေကြောင့် နောက်ပိုင်း ရွာထဲအရာရောက်တဲ့ လူကြီးတွေပါ မနေသာလို့ အရီးဘက်ကနေ ပါရတဲ့ထိ ဖြစ်ကုန်ကြတာ။

(၃)

အိမ်ပြဿနာဖြစ်ပြီးကတည်းက သူတို့စိတ်တိုင်းကျမဖြစ်တာကြောင့် သားကော၊ သမီးကော ခပ်တန်းတန်းဖြစ်သွားကြတယ်။ အရီးကတော့ သားသမီးတွေကို စိတ်နာလို့လား၊ သူနောက်ပါမဲ့ အလှူပြုချင်လို့လားမသိ။ အိမ်ဝင်းလေးကို သူ မရှိတဲ့အခါ ရောင်းချပြီး ဘုန်းကြီးကျောင်းအတွက် လိုအပ်တာလှူဖို့ ရွာလူကြီးတွေကို တစ်ခါတည်း အပ်နှံပြီးသား။ ဒါကိုသိတော့ သားသမီးကျော်ပြီး ဘုန်းကြီးကို လှူရကောင်းလားဆိုပြီး သားနဲ့သမီးက မကျေနပ်။ သားက အတန်အသင့်ပြေလည်ပေမဲ့ ချွေးမက မိဘအိမ်သွားရင် ပေးရကမ်းရမှာစိုးလို့ မြူစူတယ်။ သူ့မိဘမှသူ့မိဘ။ အတူနေသမီးကို အတွင်းပစ္စည်းတွေ အကုန်ပေးတယ်ဆိုပြီး ကြည့်ခြင်းကြည့် သူ့သမီးကြည့်လိမ့်မယ်လို့ပြောကာ ယောက်ျားကိုလဲ မသွားခိုင်း။ သမီးက ရစရာလဲမရှိတော့ ယောက်ျားသဘောကျ အိမ်ခွဲပြီးကလေးနှစ်ယောက်နဲ့နေလေတယ်။

ယောက်ျားက နှစ်လုံးထီ၊ ချဲ ကိုယ်စားလှယ်ယူပြီး ရွာထဲရောင်းတာကြောင့် ပိန်လိုက်၊ ဖောင်းလိုက်။ အခြေအနေအဆိုးကြီးလဲမဟုတ်။ သိတတ်တဲ့စိတ်ရှိရင် စားဦးစားဖျား မိဘအိမ် ဟင်းတစ်ခွက်လောက်တော့ ပို့နိုင်တဲ့အနေအထား။ ဒါပေမဲ့ အိမ်ဝင်းလေး အမွေမပေးရကောင်းလားဆိုပြီး ယောက်ျားက လောဘတက်မြူစူတာကြောင့် တစ်ချိန်ကဖြုန်းခဲ့သုံးခဲ့တာတွေ သတိမရတော့ဘဲ ယောက်ျားမကြည်ဖြူတာနဲ့ တုတ်တုတ်မျှ မလှုပ်ရဲ။ သားသမီးကံ လုံးဝမကောင်းတာကြောင့် အရီးမှာ မြေး၊ သားတွေရှိပေမဲ့ အထီးကျန်ဆန်ရပြန်တယ်။ ရပ်ရွာက ကြည့်ရှုပေးလို့ ဆရာမလေးတွေ ပြောင်းလာတိုင်း အရီးအိမ်မှာ အတူစား၊ အတူနေနဲ့ အရီးလဲစရိတ်ပျောက် အဖော်လဲရ။ ဒီလိုသတင်းတွေကြားရတော့ ခင်မြတ်သူ လူတွေစိတ်ကို အံ့ဩမိတယ်။ သားသမီးနဲ့မိဘဟာ အမွေနဲ့ပတ်သက်လာရင် မေတ္တာတရားဆိုတာ ဘာလို့ခေါင်းပါးကုန်ကြတာလဲတွေးမရ။ ထိုက်သင့်သလောက်ယူပြီး ဒီအမေအိုကို တစ်လှည့်ပြန်ကျွေးမွေးစောင့်ရှောက်ကြရမှာ။ မယူဘဲနဲ့တောင် စောင့်ရှောက်ပေးရမဲ့ ဝတ္တရားရှိနေတာ ဘာလို့များ လောဘတက်ကြပါလိမ့်နော်။ ချစ်ခင်ကြပါတယ်ဆိုတဲ့ မိသားစု၊ မိဘ၊ ညီအစ်ကိုမောင်နှမတွေကြား သူစိမ်းဖက်လာချိန်မှာတော့ အမွေဆိုတဲ့အရာဟာ အခန့်မသင့်ရင် အမွှေတွေဖြစ်ကုန်ကြရတာပဲ။

ခင်မြတ်သူကတော့ အရီးကိုကြည့်ပြီး သနားမိတယ်။ အိမ်ကအမေဆိုလဲ အရီးနဲ့ရွယ်တူ။ ဘာမှလုပ်စရာမလိုဘဲ သားသမီးမြေးတွေဝန်းရံလို့ သာသာယာယာ။ အရီးလဲ ဒီလိုနေချင်ရှာမှာပဲလို့တွေးပြီး အမေနဲ့ယှဉ်သနားစိတ်ဝင်မိတယ်။

(၄)

ဒီလိုနဲ့နေလာရင်း မနက်လဲ "အဟွပ် အဟွပ်"၊ ညလယ်ခေါင်ကြီးလဲ "အဟွပ် အဟွပ်" မနားတမ်းဆိုးနေတဲ့ချောင်းဆိုးသံကြောင့် ကျွန်မစိတ်မကောင်းဖြစ်နေမိတယ်။

အရီးဆီ ထသွားပြီး နေမကောင်းဘူးလားမေးတော့ ဒီလိုပါပဲ ချောင်းဆိုးပျောက်ဆေးလေးသောက်လိုက်ရင် ကောင်းသွားမှာပါ ဆရာမရယ်တဲ့။ အခန်းထဲက ဓာတ်ဘူးယူပြီး ရေနွေးငှဲ့တိုက်ရင်း-

"အရီးလဲ သားသမီးတွေအနားရှိဖို့ကောင်းတယ်"

"ဆရာမရယ် ရှိရင်တော့ကောင်းတာပေါ့။ ဘာပဲဖြစ်ဖြစ် အသက်ရလာတော့ ကိုယ့်သားမြေးတွေနဲ့ တစ်စုတစ်စည်း နေချင်တာပေါ့ဆရာမရယ်။ ဒါပေမဲ့လဲ ပေးစရာမရှိရင် အမျိုးဆိုတာလဲ မရှိပြန်ဘူးဆရာမရေ။ ရွှေရှိမှ၊ ပေးစရာကျန်မှ သားသမီးကအစ ရွှေမျိုးလာတော်တတ်တာမျိုး။ ရှိတာတွေကုန်ပြီးတဲ့နောက် ဒီအိမ်လေးကိုတော့ အရီးက အရီးသေသွားရင် ရောင်းချပြီး ရွာဦးကျောင်းအတွက် လိုအပ်တာကုသိုလ်လေးလုပ်ချင်တာ။ သူတို့တွေကို ပေးခဲ့၊ ပံ့ပိုးခဲ့ရတာ ကျုပ်ယောက်ျားလက်ထက်ကတည်းက ရှာဖွေစုဆောင်းထားတာတွေ မနည်းပါဘူး ဆရာမရယ်။ သိတတ်တာ၊ မသိတတ်တာ ကျုပ်ကံတရားပါပဲ။ ဒါပေမဲ့ ဒီအိမ်လေးက ကျုပ်ယောက်ျား ဆောက်ပေးခဲ့တဲ့ နောက်ဆုံးလက်ကျန်ပိုင်ဆိုင်မှုလေးဆိုတော့ ဒါလေးကို သေရင် ကျုပ်တို့လင်မယား ကုသိုလ်အဖြစ်တော့ ပါသွားချင်သေးတာ ဆရာမရေ"

ပြောနေတဲ့စကားထဲ သေဆုံးသွားတဲ့ခင်ပွန်းအပေါ်ထားရှိတဲ့ အရီးရင်ထဲက မေတ္တာတရားကို တစ်စွန်းတစ်စ မြင်မိသလိုလို။ ဒီလိုပါပဲ သားသမီးဆိုတာ စုန်ရေပဲရှိတာလေ။ စကားတွေအရှည်ကြီး ပြောလိုက်ရလို့ မောသွားပုံရတဲ့ အရီးကိုကြည့်ပြီး ခင်မြတ်သူစိတ်ထဲတော့မကောင်းမိ။ အရီးဆန္ဒကိုလဲ ဖြည့်ပေးချင်မိတယ်။ တဟွပ်ဟွပ်နဲ့ အားယူဆိုးနေရတဲ့ချောင်းဆိုးသံကြားတိုင်း ဒီအမေအိုတစ်ယောက်ရဲ့ဆန္ဒကို ဘယ်လိုဖြည့်ပေးရမလဲတွေးရင်း။

(၅)

အရီးရဲ့ရောဂါက တဖြည်းဖြည်းပိုဆိုးလာတယ်။ မြို့တက်ဆေးရုံဆေးခန်းပြဖို့ ပြောပေမဲ့ ရွာမှာရှိတဲ့ ဆေးမြီးတိုနဲ့ပဲ သက်သာသွားလိုက်၊ ပြန်ဖြစ်လိုက် ချာလည်နေတယ်။ မနေနိုင်တဲ့အဆုံး ရွာလူကြီးတွေက တစ်ဆင့် သားသမီးတွေကို အကြောင်းကြား မြို့မှာ ဆေးရုံတက်ပြတော့ အဆုတ်ကင်ဆာဖြစ်ပြီး ရောဂါကျွမ်းနေပြီ။ ဆေးရုံမှာလိုအပ်တဲ့စစ်ဆေးမှုတွေအတွက် ကုန်ကျစရိတ်ကို အရီးက သူ့အိမ်လေးမှာ အစဉ်အဆက်နေသွားကြတဲ့ဆရာမတွေ ကန်တော့တဲ့ ငွေလေးတွေကို စုပြီး သားသမီးတွေလက်ထဲပေးတယ်။ သူ့အတွက် ဝန်ထုပ်ဝန်ပိုးအဖြစ်မခံချင်လို့နေမှာ။ ကုမရတော့ဘူး သိတာနဲ့ ခေါင်းမာတဲ့ အရီးကတော့ သေခြင်းသေ ရွာပဲပြန်သေမယ်ပြောတာကြောင့် ရွာပဲပြန်ခေါ် လာကြရတယ်။ မလွှဲသာလို့ လာကြည့်နေရပြီး အကြောင်းပြခဏခဏ အိမ်ပြန်ပြန်ပြေးတတ်ကြတဲ့ အရီးရဲ့သားသမီးတွေကြည့်ကာ ကျွန်မကြားကနေ ဒေါသထွက်မိတယ်။ ရွာထဲက အရီးရဲ့မိတ်ဆွေတချို့ကတော့ သတင်းမေးလာကြ၊ အမြင်မတော် ကူလုပ်ပေးကြတာကြောင့်တော်သေးတယ်။ ကျောင်းပိတ်ရက် မြို့ခဏတက်ပြီး အိမ်က အမေကိုပြောပြတော့ အမေကလဲသနားလို့ မိသားစုတွေ အရီးအတွက် ဝိုင်းစဉ်းစားပေးကြတယ်။ ဒီလိုနဲ့ ရွာပြန်ရောက်တဲ့အခါမှာတော့ အရီးကို ဝယ်လာတဲ့ ပစ္စည်းတွေပြပြီး အစားအသောက်ပျက်တာသိတာကြောင့် လိုအပ်မယ်ထင်တဲ့ အာဟာရနဲ့ဆေးတွေပါ ကန်တော့လိုက်တယ်။ နေမကောင်းပေမဲ့ စိတ်မာတဲ့ အရီးက မတတ်သာမှ အိပ်ရာထဲလှဲတတ်တာမျိုး။ နေလို့ရတဲ့အချိန်လေးမှာ ခပ်အေးအေးပဲ။ သေရမှာ သိနေပေမဲ့ အပူအပင်လဲသိပ်မရှိ။ တရားခွေဖွင့်တိုင်း စိတ်ဝင်တစား နားထောင်တတ်တာကြောင့် အရီးအတွက် ကက်ဆက်လေးတစ်လုံးနဲ့ တရားခွေတွေပါ အရီးနားဖွင့်ထားပေးပြီး ကျွန်မ မပြောင်းရခင်တော့ တတ်နိုင်တဲ့ဘက်က စောင့်ရှောက်ဖြစ်ခဲ့တယ်။

စာမျက်နှာ ၂၅သို့ ➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသောစပါး ၅၂၅၄၅ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါး ၅၂၅၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၂၅၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ နွေစပါးသီးနှံဧက ၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ စိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ နွေစပါးစိုက်ခင်းတွေ ရိတ်သိမ်းရာမှာ အထွက်နှုန်းကောင်းမွန်ကြပါတယ်။ တစ်ဧကကို ၈၉ ဒသမ ၀၈ တင်းထွက်ရှိပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၅၃၄၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၅၂၅၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းပန် ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ မိုင်းပန်မြို့နယ် ပုံးချယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ပုံးချယ်ကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးသူ**



➤ စာမျက်နှာ ၂၄မှအဆက်

(၆)

ရွာထိပ်က အကြော်ဆိုင်လေးမှာ အရီးအကြောင်း တီးတိုးသတင်းတွေကြားနေရတာက လူမမာလာကြည့်တဲ့သမီး ဝင်လာတာမသိဘဲ လက်ထဲက အထုပ်ကိုဖြေကြည့်နေတာနဲ့ တန်းတိုးတာကြောင့် ကမန်းကတန်း အထုပ်ကို အိပ်ရာအောက်ဝှက်ထားတယ်ဆိုတာမျိုး။ သတင်းမေးသွားတဲ့အကြော်ဆိုင်ပိုင်ရှင်ကိုယ်တိုင်လဲ သူလာတာမသိဘဲ တိတ်တိတ်ကလေး အရီး ထုတ်ထုတ်ကြည့်နေတဲ့ ရွှေတွေကို သူလဲဖျတ်ခနဲတွေ့လိုက်တာ မနည်းကြောင်း။

အရီးယောက်ျားရှာခဲ့တဲ့ပစ္စည်းတွေက မကုန်သေးဘူးဆိုတာ။ ပစ္စည်းတွေကလဲ အတော်များများ ကျန်သေးတယ်ဆိုတာ။ မလိမ္မာတဲ့ သားသမီးတွေကြောင့် လုံအောင်ဝှက်ထားခဲ့ရပုံပဲဆိုတာကော။ သားသမီးတွေကို စိတ်နာနာနဲ့ အိမ်ကော၊ လက်ကျန်အတွင်းပစ္စည်းတွေကော သူမသေခင် အကုန်ဘုန်းကြီးကျောင်း လှူဖို့ရည်ရွယ်နေလားမသိဘူးဆိုတာတွေကော။ ကောလာဟလ သတင်းတွေကတော့ ရွာထဲ ပွလို့နေတော့တယ်။ ခင်မြတ်သူ ညနေကျောင်းဆင်းချိန်မှာတော့ အရင်လိုမဟုတ်။

အရီးအိမ်ထဲ သားတွေ၊ သမီးတွေ၊ မြေးတွေနဲ့ စည်ကားနေတယ်။ သမီးက အရီးရဲ့ဆံပင်ဖြူဖြူတွေကို ဘီးနဲ့ဖြီးရှင်းပေးနေပြီး အရီးမျက်နှာကို လှမ်းကြည့်တော့ အရီးလဲပြုံးနေတယ်။ ကျွန်မအခန်းလေးထဲဝင်ရင်း လူသဘောလူ့မနောကို တွေးပြီးထပ်ပြုံးမိတယ်။ ဘာပဲဖြစ်ဖြစ် လူ့လောကကနေ စွန့်ခွာရတော့မဲ့ အမေအိုတစ်ယောက် စိတ်ချမ်းသာနေတာမြင်ရတော့ ကျေနပ်မိတယ်။

(၇)

မြို့ကနေ ဝယ်ကန်တော့တဲ့ မုန့်ပဲသရေစာတွေကို မြေးတွေကျွေးပြီး ပီတိဖြစ်နေတဲ့ အဘွားတစ်ယောက်ရဲ့မေတ္တာနဲ့ အရီးမျက်နှာဟာ ကြည်လင်လို့။ ဘာလိုလဲအမေ။ သမီး ဘာလုပ်ပေးရအုံးမလဲဆိုတဲ့ သမီးရဲ့ ပျာပျာသလဲ ဂရုစိုက်မှုနဲ့ စိတ်မချလို့ဆိုပြီး ပြောင်းလာနေကြတာကြောင့် အရီးလဲ အဆင်ပြေနေတယ်။

စားစရာတွေနဲ့ သတင်းလာမေးကြတဲ့ သားလင်မယားက အမေစားချင်တာပြောနော်ဆိုတဲ့ ဂရုစိုက်မှုတွေကြား အရင်လိုမစားနိုင်တော့ပေမဲ့လဲ အရီးအတွက်တော့ သဘောတွေကျစရာ။ ဒီလိုအချိန်မှာပဲ ခင်မြတ်သူလဲ မြို့ကိုပြန်ပြောင်းမိန့်ကျလာတယ်။ ပြောင်းခါနီး အရီးကို ကန်တော့တဲ့အခါ အရီးက ဆုတွေတသီကြီးပေးတယ်။ ဆရာမလေးကို ကျေးဇူးတင်ကြောင်းလဲ အခါခါပြောတယ်။

အရီးရဲ့နောက်ဆုံး နေဝင်ချိန်တွေမှာတော့ သားသမီးအစုံအလင်နဲ့ နေချင်တဲ့ဆန္ဒလေးလဲပြည့်၊ တရားလေးလဲနှလုံးသွင်းရင်း ကြည်ကြည်လင်လင် စိတ်ချမ်းချမ်းသာသာနဲ့ စွန့်ခွာနိုင်မယ်ပဲ ကျွန်မစိတ်ထဲယုံကြည်မိနေတယ်။ မြို့ကနေ ကန်တော့ဖို့ဝယ်လာပြီး အကြံပေးခဲ့တဲ့ အရီးနဲ့ ကျွန်မသာသိတဲ့ ရွှေရည်စိမ်အထုပ်ဇာတ်လမ်းကတော့-

ရွှေရှိမှ မေတ္တာတွေထားနိုင်ကြတဲ့သူတွေအတွက် ရွှေမေတ္တာအဖြစ်နဲ့ ယူတတ်ရင် သင်ခန်းစာအနေနဲ့ဖြစ်မလား၊ ရှက်တတ်ရင် ရှက်စရာကောင်းတဲ့အဖြစ်မှန်း သားသမီးတွေ သိရှိနိုင်မလားဆိုတာကတော့ အရီးမရှိတော့တဲ့အချိန်မှာတော့ အဖြစ်မှန်ပေါ် ထွက်လာပါလိမ့်မယ်။

## ထူးမြတ်လှုံ့ဖြိုး ပြည့်တန်ဖိုး

\- အမျိုးဂုဏ် မြင့်ဇာတိ
တင့်ပါ၏ ပြည်မြန်မာ၊
မျိုးရင်းဆွေ တစ်စိတ်ဝမ်းနှင့်
အေးချမ်းညီညာ။

\- ယဉ်ကျေးမှုသာသနာ
လင်းရောင်ဖြာ ရွှေပြည်ဖုံး၊
သာစွမြေ မေတ္တာခေတ်နှင့်
ရစ်ပတ်နှောင်ထုံး။

\- မျိုးရင်းဆွေ ကြည်သာအပြုံးရယ်နှင့်
တည်ကာမဆုံး နှောင်ရစ်တွယ်၊
သည်ရေမြေ တစ်မိဖွားမို့
ပြည့်အားလှုံ့ကြွယ်၊
မြန်မာဟေ့ မြန်မာကွယ်
ဂုဏ်မငယ် ထည်ဝါမှု၊
ရွှေပြည်တော်အလှစစ်နှင့်
ချစ်မိသားစု။

\- မြန်မာကို ယှဉ်မတုပါနှင့်
မြင်ယခု သိကြစေ၊
ပြည့်အားလှုံ့ ဂုဏ်ဖြိုးမောက်
ထွန်းတောက်ခဲ့ပေ၊
ညီနောင်တို့ အမိမြေ
မြင့်အခြေ ဆထက်တိုး၊
ညီညာအစဉ် အားမာန်ခဲပါလို့
ပြည်ရွာတစ်ခွင် ပွားလှုံ့မြဲတယ်
ထူးကဲတန်ဖိုး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# မလှိုင်မြို့နယ် ဘီးစပ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ကုန်းကျေးရွာအုပ်စု ဘီးစပ်ကုန်းကျေးရွာ၌ စီမံကိန်းချေးငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ VRFP စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၃သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဘီးစပ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ဦးအား ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# အစာခြေစနစ်ကောင်းမွန်မှ သက်ရှည်ကျန်းမာနေထိုင်ရ

## ပေါက်ပေါက်

လူတစ်ယောက်သက်ရှည်ကျန်းမာဖို့အတွက် အစာခြေစနစ်က လွန်စွာအရေးကြီးပါတယ်။ ခံတွင်းအစ မစင်ဝ(စအို) အဆုံး ဆိုင်ရာဆိုင်ရာအင်္ဂါအဖွဲ့အစည်းများ သူ့တာဝန်သူ ဟန်ချက်ညီညီလုပ်ဆောင်နိုင်မှသာ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ပါလိမ့်မယ်။ အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေပွခြင်း၊ လေချဉ်တက်ခြင်း စသည်တို့က အစာခြေလမ်းကြောင်းတွင် မကျန်းမမာဖြစ်နေကြောင်းကို ဖော်ပြနေသော လက္ခဏာများဖြစ်ကြပါတယ်။

အစာခြေစနစ်ကောင်းမွန်မှန်ကန်မှသာ လူ သက်တမ်းစေ့နေနိုင်မည်ဖြစ်တာကြောင့် International Foundation for Gastrointestinal Disorders က ၂၀၁၆ ခုနှစ်ကစတင်၍ ကမကထပြုကာ နှစ်တစ်နှစ်၏ ဩဂုတ်လတစ်လလုံးကို Gastroparesis Awareness Month အဖြစ် အထူးတလည် သတ်မှတ်ထားပါတယ်။ ထိုသို့သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်များမှာ Gastroparesis ဆိုသည်မှာ အစာအိမ်မှ အစာများကို အူသိမ်အတွင်းသို့ ကောင်းစွာမဖြတ်သန်းနိုင်သောရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါကို လူအများ သိရှိနားလည်စေကာ အချိန်မီကုသမှု၊ ရောဂါရှာဖွေမှုနှင့် အစာခြေလမ်းကြောင်းစနစ်ဆိုင်ရာ အထွေထွေကျန်းမာရေး ပြဿနာများအပေါ် အာရုံစိုက်ကြစေလိုပါတယ်။

**အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေပွခြင်းကိုဖြစ်စေသောအကြောင်းများ**

ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာတွေစားပြီး အိပ်စက်ချိန်၊ စားသောက်ချိန်တွေ မှန်ကန်ပေမဲ့လဲ တစ်ခါတလေမှာ ထမင်းစားပြီးနောက် အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်းနဲ့ လေပွခြင်းတွေကို ခံစားရတတ်ပါတယ်။ အောက်ဖော်ပြပါအကြောင်းရင်းသုံးမျိုးက အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေပွခြင်းတွေကို ဖြစ်စေနိုင်ပါတယ်။

**(က) ကစီဓာတ်နဲ့ ပရိုတင်းတွေကို တစ်ပြိုင်နက်တည်း အများကြီးစားမိခြင်း**


ကစီဓာတ်ကြွယ်ဝသောပေါင်မုန့်၊ ခေါက်ဆွဲ၊ ဆန်၊ အာလူးတွေက ကျန်းမာရေးနဲ့ ညီညွတ်စေသလို ပရိုတင်းဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြတဲ့ ငါး၊ ကြက်သား၊ အမဲသား၊ ကြက်ဥ၊ ဘဲဥတို့ကလဲ ကျန်းမာရေးအတွက် မရှိမဖြစ်အရာတွေပါပဲ။ ပါးစပ်မှ စားသွင်းမျိုချလိုက်တဲ့အစားအစာတွေဟာ အစာအိမ်ထဲရောက်သွားတဲ့အခါ ကစီဓာတ်တွေက သကြားဓာတ်အဖြစ် အစာအိမ်ထဲမှာ ကောင်းစွာကျေဖြတ်နိုင်ပေမဲ့လဲ ၎င်းကစီဓာတ်တွေက ပရိုတင်းဓာတ်နဲ့အတူရောနှောပြီး အူသိမ်၊ အူမတွေထဲကို ရောက်ရှိတဲ့အခါ အူသိမ်၊ အူမတွေက ၎င်းဓာတ်နှစ်မျိုးကို အချိန်တော်တော်ကြာသည့်တိုင် ချေဖျက်ပေးနိုင်စွမ်းမရှိပါဘူး။ အဲဒီအခါ ကစီဓာတ်တွေက အချဉ်ပေါက်သွားပြီး ဂက်စ်အဖြစ် အထက်သို့ပြန်လည်ဆန်တက်လာကာ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေပွခြင်းတွေ ဖြစ်စေပါတော့တယ်။ ဒါကြောင့် ထိုဝေဒနာတွေမခံစားရအောင် အစားအစာကို ကြေညက်အောင်ဝါးစားပါ၊ အလောတကြီး မစားပါနှင့်၊ ဖြည်းဖြည်းနှင့် မှန်မှန်မျိုချပါ။ အလွန်အကျွံမစားပါနှင့်၊ အကြိမ်ရေခွဲ၍ ဗိုက်ပြည့်ရုံလောက်သာစားပါ။

**(ခ) ရေခဲရေသောက်၍ ထမင်းစားခြင်း**

ထမင်းစားတဲ့အခါ ရေခဲရေမသောက်ဘဲ ရိုးရိုးရေကိုသာသောက်ပါ။ အဘယ်ကြောင့်ဆိုသော် ရေခဲရေက သွေးကြောတွေကို တင်းကျပ်ဖျစ်ညှစ်လိုက်တာကြောင့် အစာခြေဖျက်နိုင်စွမ်းအားကို အဟန့်အတားဖြစ်စေပါတယ်။ အစားအစာထဲမှာပါရှိတဲ့ အာဟာရဓာတ်တွေကိုလဲ ခန္ဓာကိုယ်က ကောင်းစွာမစုပ်ယူနိုင်တော့ပါ။ ဒါ့ပြင် အစားအစာထဲရှိ ဆီ (အဆီ)တွေကို ရေခဲရေက ပျစ်ခဲခဲဖြစ်စေတာကြောင့် အစာခြေဖျက်နိုင်ဖို့အတွက် အစာအိမ်နဲ့အူတွေက လွန်စွာပင်ပန်းလာပါတယ်။ ဂျပန်လူမျိုးတွေက ထမင်းမစားခင် ရေနွေးဖျော ဒါမှမဟုတ် ရေနွေးကြမ်းကို ဦးစွာတစ်ငုံသောက်လေ့ရှိတာကြောင့် လေ့လာဆန်းစစ်မှု မှတ်တမ်းတွေအရ ကမ္ဘာပေါ်တွင် ဂျပန်လူမျိုးတွေဟာ ထမင်းစားပြီးနောက် အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေပွခြင်းဝေဒနာတို့ကို ခံစားရလေ့မရှိကြပါဘူး။

**(ဂ) ထမင်းစားနေစဉ် ရေများများသောက်ခြင်း**

သောက်ရေသန့်ဟာ လူသားများအတွက် မရှိမဖြစ်အရာပါ။ ဒါ့ပြင် ထမင်းစားနေစဉ် မနင်စေရန်နှင့် ကြို့မထိုးစေရန်တို့အတွက် သောက်ရေက များစွာအထောက်အကူပေးပါတယ်။ ဒါပေမဲ့ ထမင်းစားနေစဉ် ရေများများမသောက်သင့်ပါဘူး။ ဗိုက်ထဲကို အစာရောက်သွားတဲ့အခါ အစာအိမ်ထဲမှ ဟိုက်ဒရိုကလိုရစ်အက်စစ် Hydrochloric Acid (HCL)က သူ့အလိုအလျောက် စိမ့်ထွက်လာပြီး




အစားအစာတွေကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် ခြေဖျက်ပေးလေ့ရှိပါတယ်။ အကယ်၍ ထမင်းစားနေစဉ် ရေများများသောက်မိပါက HCL အက်စစ်တွေက ရေထဲမှာပျော်ဝင်သွားပြီး အစာခြေဖျက်နိုင်အား ယုတ်လျော့သွားပါတယ်။ ဒါကြောင့် ထမင်းမစားခင် တစ်နာရီခန့်အလို ဒါမှမဟုတ် ထမင်းစားပြီးနောက် တစ်နာရီခန့်အကြာမှသာ ရေများများသောက်ပါ။

**လေချဉ်တက်၍ အနေခက်ရသောအကြောင်းများ**

အစာစားနေစဉ်အတွင်း လေမျိုချမိ၍ဖြစ်ဖြစ် ဒါမှမဟုတ် အစာခြေလမ်းကြောင်းတစ်လျှောက် ဂတ်စ်တွေအလွန်အကျွံထွက်စေသော အစားအစာများကို စားမိတဲ့အခါဖြစ်ဖြစ် အစာခြေစနစ်အားနည်းလာပြီး လေချဉ်တက်ကာ အနေခက်စေနိုင်ပါတယ်။ တစ်နည်းဆိုသော် လေချဉ်တက်ခြင်းဆိုသည်မှာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအတွင်းက ဂက်စ်တွေကို ပါးစပ်ကနေတစ်ဆင့် စွန့်ထုတ်ပစ်လိုက်တာဖြစ်ပါတယ်။ အစာစားပြီးသောအခါ လေချဉ်တက်ခြင်းက ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာပါ။ အဲဒီလို လေချဉ်တက်ရင် ဝမ်းဗိုက်အတွင်း အစာခြေဖျက်ပေးတဲ့ အင်္ဂါအစိတ်အပိုင်းများထဲမှ မလိုလားအပ်တဲ့ လေချဉ်တွေ အပေါ်ကို ဆန်တက်လာပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတစေပါတယ်။

**လေချဉ်တက်၍ အနေခက်ခြင်းမဖြစ်စေဖို့**

လူနေမှုအသိုင်းအဝိုင်းတွင် လေချဉ်တက်ခြင်းက ယဉ်ကျေးမှုမရှိသော အကျင့်ဆိုးတစ်ခုဟု ထင်မှတ်လေ့ရှိပါတယ်။ အကြောင်းမှာ လေချဉ်တက်သောအခါ အသံနှင့်အတူ ရံဖန်ရံခါ မကောင်းသောအနံ့အသက်တွေလဲ ရောပါလာတတ်ပါတယ်။ အကယ်၍ တစ်နေ့တာလုံး လေချဉ်တက်နေခြင်းက လေတွေအများကြီးကို မျိုချရာရောက်ပါတယ်။ အဲဒီအခြေအနေက စိတ်ဖိစီးမှုလက္ခဏာတစ်ရပ်နှင့်လည်း ပတ်သက်နေပါတယ်။ တစ်ခါတစ်ရံ အစာအိမ်အတွင်းရှိ ဂက်စ်က ဗိုက်အောင့်ဗိုက်နာဖြစ်စေပါတယ်။

ထိုပြဿနာများအတွက် အောက်ဖော်ပြပါ လွယ်ကူမြန်ဆန်ဆေးနည်းတိုလေးများက ကောင်းစွာဖြေရှင်းနိုင်ပါတယ်။

- လေချဉ်မတက်စေရန်အကောင်းဆုံးနည်းလမ်းက အစာစားသောအခါ ပါးစပ်ပိတ်၍ ဖြည်းဖြည်း ဝါးစားပေးပါ။
- ချင်းက လေရောဂါအမျိုးမျိုးအတွက် အကောင်းဆုံးဆေးနည်းတိုလေးဖြစ်ပါတယ်။ ချင်းနှစ်ပြားခန့်ကို ခပ်ပါးပါးလှီး၍ ရေနွေးပူပူထဲမှာ ၁၀ မိနစ်ခန့်ထားပြီးနောက် ပျားရည်နှင့် သံပရာသီးအနည်းငယ်စီထည့်ဖျော်ကာ တစ်နေ့ သုံးကြိမ်သောက်ပါ။
- ပူဒီနာရွက်အစို လက်တစ်ဆုပ်ခန့် ဒါမှမဟုတ် စားပွဲတင်လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာပမာရှိသော ပူဒီနာရွက်အခြောက်မှုန့်ကို ရေနွေးဆူဆူထဲခတ်၍ ၁၀ မိနစ်လောက်ထားပြီး ရေနွေးကြမ်းလို မကြာခဏသောက်ပါ။
- ဖာလာစေ့က အစာအိမ်အတွင်း အစာခြေရည်ထုတ်လုပ်မှုကို ကောင်းမွန်စေပြီး ဂက်စ်ထုတ်လုပ်မှုကို လျော့ကျစေသဖြင့် အစာကြေညက်စေကာ ရင်ပြည့်ရင်ကယ်ခြင်းကိုသက်သာစေပါတယ်။ ထမင်းစားပြီးနောက် ဖာလာစေ့ဝါးစားပါ ဒါမှမဟုတ် စားပွဲတင်လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာပမာရှိသော ဖာလာစေ့ကို ထုထောင်းပြီး ရေနွေးဆူဆူထဲထည့်၍ ထမင်းစားပြီးသောက်ပါ။
- စမုန်နက်က လေချဉ်တက်ခြင်းအတွက်သာမက အစာမကြေ၊ ပျို့အန်၊ ရင်ပြည့်ရင်ကယ်၊ လေပွနှင့် ရင်ပူရင်ဆာဖြစ်ခြင်းများကို ဘေးထွက်ဆိုးကျိုး လုံးဝမရှိစေဘဲ သက်သာပျောက်ကင်းစေပါတယ်။ ထို့ကြောင့် အစာစားပြီးတိုင်း စားပွဲတင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာပမာရှိသော လှော်ထားသည့် စမုန်နက်လှော်ကို ဝါးစားပါ ဒါမှမဟုတ် ၎င်းပမာဏရှိသော စမုန်နက်လှော်ကို ရေနွေးစိမ်ပြီး တစ်နေ့နှစ်ကြိမ်သောက်ပါ။
- ပင်စိမ်းရွက်က အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ဂတ်စ်ထုတ်လုပ်ခြင်းကို သက်သာစေနိုင်ကာ လေချဉ်တက်ခြင်းကို သက်သာစေတဲ့ သဘာဝဆေးပင်ဖြစ်ပါတယ်။ ပင်စိမ်းရွက် လတ်လတ်ဆတ်ဆတ်လေးရွက်၊ ငါးရွက်ခန့်ကို နံနက်တိုင်းဝါးစားပါ ဒါမှမဟုတ် ပင်စိမ်းရွက်ကို ရေနွေးကြမ်းခတ်သောက်ပါ။ အဖတ်တွေကိုလည်း ဝါးစားပါ။
- လေချဉ်တက်ဝေဒနာအတွက် ဧရာ်ကောင်းငါးကျပ်သား၊ ဆားသုံးကျပ်သားတို့ကို အမှုန့်ပြုလုပ်၍ လေလုံသောပုလင်းတွင် ထည့်ပါ။ ထမင်းမစားခင်တစ်ကြိမ်၊ ထမင်းစားပြီးတစ်ကြိမ် ဆေးတစ်မူးသား (နှစ်ပဲသား)ခန့်ကို ရေနွေးနှင့် နေ့စဉ်သောက်သုံးပေးခြင်းဖြင့် သက်သာပျောက်ကင်းသွားစေပါတယ်။
- မဲဇလီဖူးက အစာအိမ်အက်စစ် အချဉ်ဆန်တက်၍ လေချဉ်တက်ခြင်းကို သက်သာစေရုံသာမက အစာခြေစနစ်ကောင်းမွန်၍ ပျို့အန်ခြင်း၊ ရင်ပူခြင်းတို့ကို သက်သာစေပါတယ်။
- Probiotics ကြွယ်ဝသည့် အစားအစာများဖြစ်ကြသော ချဉ်ဖတ်၊ ကင်မ်ချီ၊ ဒိန်ချဉ်၊ ဒိန်ခဲတို့က အစာအိမ်အတွင်းရှိ ဇက်တီးရီးယားတွေကို မျှတစေပြီး ဂက်စ်ထုတ်လုပ်ခြင်းကိုလဲ သက်သာစေပါတယ်။
- ချဉ်နွယ်ပန်းပင် တစ်မျိုးဖြစ်သော ပွင့်ဖတ်အဖြူဝတ်ဆံအဝါရောင်ရှိသည့် ချာမိုမိုင်ပန်းပွင့်က အစာခြေစနစ်အတွင်းရှိ ဂတ်စ်တွေကို လွယ်လွယ်ကူကူ ထွက်စေပါတယ်။ လက်တစ်ဆုပ်စာပမာဏရှိတဲ့ ချာမိုမိုင်ပန်းလက်ဖက်ခြောက်ကို ရေနွေးဆူဆူဖြင့် ၁၀ မိနစ်ခန့် ပြုတ်၍ တစ်နေ့ သုံးကြိမ်ခန့် သောက်ပေးပါ။
- စားပွဲတင်လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာပမာရှိသော သံပရာရည်ထဲကိုလက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ၏ လေးပုံတစ်ပုံ ပမာဏရှိသော ဆော်ဒါမှုန့်ရောပြီး သောက်ရေတစ်ဖန်ခွက်ထဲထည့်ဖျော်ကာ ထမင်းစားပြီးတိုင်း သောက်ပေးပါ။
- လက်ဖက်ရည်ဇွန်းနှစ်ဇွန်းစာပမာဏရှိသော ဇီရာစေ့ကိုလှော်၍ ရေနွေးဆူဆူတစ်ခွက်ထဲထည့်သောက်ပါ။ ၎င်းဆေးရည်ထဲကို စမုန်နက်နှင့်နံနံစေ့အနည်းငယ် ထည့်သောက်နိုင်လျှင် ပိုကောင်းပါတယ်။
- ကရဝေးစေ့ကို အစိမ်းလိုက်ဝါးစားပေးပါ ဒါမှမဟုတ် အသုပ်ဟင်းလျာထဲထည့်စားပေးပါ။
- ဆေးလိပ်စွဲသူများက လေချဉ်တက်ခြင်းနှင့် ဆက်စပ်မှုရှိနေပါတယ်။ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်သောက်သူတွေမှာ လေကို အပြင်သို့ ရှူထုတ်ရသောပမာဏထက် လေကို အတွင်းသို့ ရှူရှိုက်ရသောပမာဏက ပိုများနေပါတယ်။
- နေထိုင်စားသောက်ပုံစနစ် မှန်ကန်သော်လည်း မကြာခဏ လေချဉ်တက်သူဖြစ်နေပါက သွားဆရာဝန်ဖြင့် စစ်ဆေးမှုခံယူသင့်ပါတယ်။ သွားတည်ဆောက်မှုပုံစံအံဝင်ခွင်ကျမရှိခြင်း၊ ၎င်းသွားကြားပေါက်တွေမှတစ်ဆင့် ပြင်ပလေတွေက ပါးစပ်ထဲသို့ ဝင်ရောက်လာခြင်းတွေကြောင့် လေချဉ်တက်ခြင်းကို ဖြစ်ပေါ်စေနိုင်ပါတယ်။

**အထူးသတိပြုရန်**

(က) ပူစပ်သော အစားအစာတွေစားပြီးနောက် အစာအိမ်မှ အက်စစ်တွေအထွက်များလာပြီး ဘေးထွက်ဆိုးကျိုးအဖြစ် ရင်ပူတာ၊ လေပွတာ၊ လေချဉ်တက်တာ၊ ဗိုက်နာဗိုက်အောင့်တာဖြစ်ရုံသာမက ညအိပ်ပျော်နေစဉ် အာခြောက်၍ရေငတ်တာတို့ကိုဖြစ်စေနိုင်ပါတယ်။

(ခ) လေပွစေတတ်တဲ့ အစားအစာတွေ ဘီယာ၊ ဝိုင်နီ၊ မလိုင် အဆီအနှစ်များသော နို့နှင့်နို့ထွက်ပစ္စည်း၊ ပဲအမျိုးမျိုး၊ ငှက် ပျောသီး၊ ဆီးသီး၊ သစ်တော်သီး၊ ပန်းသီးစိမ်းတွေကို စားသောက်ခြင်းမှ ရှောင်ရှားပါ။ ပေါင်မုန့်နဲ့ ကွေကာအုပ်တွေကိုလဲ သင့်တင့်ရုံသာစားပါ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၅၆၀၄ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၅၆၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၃၉၀၉၅ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၅၆၀၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မိုးစပါးဧက ၁၀၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ မိုးစပါးဧက ၁၅၀၀၀ ကျော်စိုက်ပြီးပြီ။ ဒီနှစ်မိုးစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်နည်းစနစ်တွေ၊ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေတယ်။ မိုးစပါးသီးနှံစိုက်ပျိုးမှုက တော့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ဝက်လက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါး ၁၃၉၂၂၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် နွေစပါးဧက ၃၁၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၇၇၅၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်ပမှစားသုံးဆီတင်သွင်းမှု နှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ သရက်ချဉ်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးတောင်သူ ၈၇ ဦးတို့ကို မတည်ရန်ပုံ ငွေကျပ်သိန်း ၂၀၀ ထုတ်ချေးထားကာ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**

# ငွေလင်း၏ ဤယမုန်

**ပုသိမ်အောင်သန်းဦး**

နတ်မောက်မြို့နယ် သဲဖြူရွာတွင် ရွှေပုံသည် ကွမ်းတောင်ကိုင်တစ်ဦးဖြစ်သည်။ မိခင်ကွယ်လွန်ခဲ့ပြီးနောက် ဖခင် ဦးခန့်ကြီး၊ မောင်ဖြစ်သူ ဖိုးကောင်းတို့နှင့်အတူ ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

သဲဖြူရွာတွင် မောင်ပန်းဇသည်လည်း ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်ဖြစ်နေသည်။ မောင်ပန်းဇသည် သဲဖြူရွာဇာတိဖြစ်သော်လည်း ရေနံချောင်းမြို့တွင် ကြီးပြင်းခဲ့သည်။ သူ့ဖခင်မှာ ဘီအိုစီကုမ္ပဏီအလုပ်သမားတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် မောင်ပန်းဇကို ဘီအိုစီကျောင်းတွင်ထားသည်။ ခုနစ်တန်းအောင်သောအခါ ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကျောင်းတစ်ကျောင်းသို့ ပြောင်းထားသည်။

ဆယ်တန်းရောက်သည့်နှစ်တွင် ဒုတိယကမ္ဘာစစ်နှင့် ကြုံကြိုက်သဖြင့် ရေနံချောင်းသို့ပြန်လာသည်။ စစ်အတွင်း မိဘနှစ်ပါးသေဆုံးသောအခါ သဲဖြူရွာရှိ ဒေါ်လေးဖြစ်သူ ဒေါ်ရွှေမိအိမ်နှင့်ရေနံချောင်းကို ကူးချည်သန်းချည်ပြုလုပ်နေပြီး ရန်ကုန်မြို့ရှိအစိုးရရုံးတစ်ရုံးတွင် အောက်တန်းစာရေးဝင်လုပ်သည်။ မပျော်သဖြင့် အလုပ်မှထွက်ကာ သူဝါသနာပါသော ယာကိုင်းအလုပ်လုပ်ရန် ရွာသို့ပြန်လာခဲ့သည်။

မောင်ပန်းဇသည် ခေတ်မီလယ်ယာစနစ်ကို အကောင်အထည်ဖော်လိုသည်။ လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်စိုက်ပျိုးလိုသည်။ ဆည်မြောင်းတာတမံများတည်ဆောက်ပြီး ရေများဖြန့်ဝေပေးလိုသည်။ သမဝါယမလယ်ယာစနစ်ကို အကောင်အထည်ဖော်လိုသော်လည်း အများနှင့်စုပေါင်းလုပ်ကိုင်ကြရမည်ဖြစ်၍ အခက်အခဲနှင့်ကြုံနိုင်သည်ကိုတွေးပြီး ခေတ်မီထွန်ယက်စိုက်ပျိုးရေးအတွက် စဉ်းစားနေမိသည်။

တစ်ဖက်မှလည်း မောင်ပန်းဇသည် ရွာသားများ အမြင်ကျယ်ရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ရန် စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ မင်္ဂလာစာမေးပွဲများကျင်းပပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မင်္ဂလာစာမေးပွဲဖြေဆိုမည့်သူများထဲတွင် ရွှေပုံလည်းပါဝင်လေသည်။ ရွှေပုံသည် ဉာဏ်ထက်ပြီး ဝီရိယရှိသဖြင့် ဆုရမည်ဟု တစ်ပြေးနေလေသည်။ ရွှေပုံနှင့်မောင်ပန်းဇကို သူငယ်ချင်းများက စကြနောက်ကြလေသည်။

မောင်ပန်းဇက ရွှေပုံ၏ဖခင် ဦးခန့်ကြီးနှင့် ယာကိုင်းများအကြောင်း ဆွေးနွေးသည်။ မျိုးကောင်းဝါ၊ ပဲမျိုးစေ့ကောင်းများကိုလည်း ဖြန့်ဝေပေးလေသည်။ ထို့ကြောင့် ဖခင် ဦးခန့်ကြီးက မောင်ပန်းဇကြိုက်တတ်သော ဆပ်ပေါင်းပေါင်း၍ မောင်ပန်းဇထံ သမီးကို ပို့စေသည်။ ပို့ဖန်များသောအခါ မောင်ပန်းဇနှင့် ရွှေပုံတို့ ရင်းနှီးလာကြသည်။

ရွှေပုံ၏အဒေါ်မခါဥသည် ရွှေပုံတို့၏ ခြံနောက်တွင် တဲတစ်လုံးဖြင့်နေသည်။ သူ့ယောကျ်ားဦးဖိုးရုံမှာ ထန်းရည်သမားဖြစ်သည်။ ဒေါ်ခါဥသည် နတ်မောက်မြို့ပေါ်မှ ခင်မောင်ဆိုသူနှင့် သူတူမကိုသဘောတူသည်။ ခင်မောင်မှာ အလုပ်အကိုင်မရှိ ယောင်ခြောက်ဆယ်ဖြစ်သည်။ ခင်မောင်ထံမှ ငွေစလေးများရရှိသဖြင့် သူတူမရွှေပုံနှင့်နီးစပ်ရန် ဖန်တီးပေးသည်။ ခင်မောင်က ရွှေပုံ၏လက်ကိုဆွဲရာ ရွှေပုံမှာကြောက်လန့်ပြီး ရှုန်းကန်ထွက်ပြေးလာခဲ့သည်။

သူသည် သူငယ်ချင်းမမြရင်အိမ်သို့ဝင်ခဲ့ရာ ပြောင်းရိုးစဉ်းရန်ပြင်ဆင်နေသော မောင်ပန်းဇကိုတွေ့ရသည်။ မောင်ပန်းဇသည် ပြောင်းရိုးစင်ပေါ်အတက် တန်းကျိုးကာ စင်အောက်မှသစ်စထိုးမိသဖြင့် ခြေသလုံးတွင် သွေးသံတရဲရဲဖြင့် မြင်တွေ့ရရာ ရွှေပုံကပြုစုပေးသည်။ ညဘက်တွင်တစ်ခါ ရွှေပုံကမောင်ပန်းဇအိမ်သွားကာ ပတ်တီးအသစ်ပြန်စည်းပေးခြင်း၊ ဆေးထည့်ပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

တစ်နေ့ ရွှေပုံနှင့်မောင်ဖြစ်သူဖိုးကောင်းတို့ မြေပဲရိုးများတင်ကာ လှည်းမောင်းလာစဉ် လှည်းဘီးမှာသစ်မြစ်နှင့်ချိတ်မိပြီး လှည်းမှောက်လေရာ ရွှေပုံမှာ မြေပြင်သို့လွင့်စဉ်ကာ သတိမေ့မြောသွား၏။ အလှူပွဲမှမြင်းစီးကာပြန်လာသည့် မောင်ပန်းဇကတွေ့ရှိပြီး ရင်ခွင်ထဲသွင်း၍ သတိရစေရန် ဆောင်ရွက်ပေးရာ ရွှေပုံသတိပြန်ရလာလေသည်။ သို့ဖြင့် မောင်ပန်းဇနှင့် ရွှေပုံတို့မှာ ချစ်သူဘဝသို့ မကြာမီရောက်ခဲ့ကြသည်။

တစ်နေ့တွင် ခင်မောင်နှင့် လူဆိုးလူမိုက်ဘဒင်တို့သည် ရွှေပုံကိုအတင်းဆွဲခေါ်ရာ ကျေးရွာသားများ မြင်တွေ့ပြီး ဝိုင်းဝန်းဖမ်းဆီးရာ ထန်းရည်မူးနေကြသော လူဆိုးများ ထွက်ပြေးကြသဖြင့် ရွှေပုံမှာ ချမ်းသာရာရခဲ့သည်။

မောင်ပန်းဇက ရန်ကုန်သို့လယ်ထွန်စက်နှင့် စက်ပစ္စည်းတချို့ဝယ်ရန်သွားမည်။ တစ်လခွဲခန့်ကြာမည်ဟုဆိုသည်။ ရွှေပုံအတွက်လည်း ပတ္တမြားဆွဲကြိုးတစ်ကုံးဝယ်လာမည်ဟုပြောသည်။ မောင်ပန်းဇ ရန်ကုန်သို့ထွက်သွားပြီး မကြာမီ နတ်မောက်မြို့နယ်တစ်ခုလုံး ဆူပူပြီး မငြိမ်မသက်ဖြစ်ကာ သူပုန်များက နတ်မောက်မြို့နယ်ကို သိမ်းပိုက်ထားသည်ဟုဆိုသည်။

ရွှေပုံတို့ကား သူပုန်ကိုမမြင်ဖူး၍ ကြောက်ဒူးတုန်နေကြခိုက် ခင်မောင်သည် ခါးတွင် ခြောက်လုံးပြူးချိတ်ကာ သဲဖြူရွာသို့ရောက်လာပြီး ရွှေပုံ၏ဖခင်ဦးခန့်ကြီးကို နွားသူခိုးဟုဆိုကာ ဖမ်းလေသည်။ ဦးခန့်ကြီးကို လွှတ်ပေးစေလိုလျှင် ရွှေပုံသူ့နောက်သို့ လိုက်ခဲ့ရမည်ဟုဆိုသည်။ ဖခင်ကိုအပြစ်မှလွှတ်စေလိုသဖြင့် ရွှေပုံသည် ခင်မောင်ခေါ်ရာသို့ လိုက်ခဲ့ရသည်။

လမ်းတွင် လှည်းပေါ်မှ ရွှေပုံကျကာ ခေါင်း၌ ဒဏ်ရာရရှိသဖြင့် နတ်မောက်ဆေးရုံတွင်ကုသရသည်။ ဆရာဝန်ကြီး၏ညွှန်ကြားချက်ဖြင့် ရွှေပုံခေါင်းမှဒဏ်ရာ မသက်သာမချင်း မထိတွေ့ရ၊ ရွှေပုံစိတ်ထိခိုက်လျှင် ရူးသွားနိုင်သည်ဟုဆိုထားသည်။ ရွှေပုံသည် ဒဏ်ရာအနည်းငယ်သက်သာလာသောအခါ ခင်မောင်ကို သတ်ရန်ကြိုးစားသည်။ မအောင်မြင်၊ သူ့ကိုယ်သူ သတ်သေရန်လည်း ကြိုးစားခဲ့သည်။ မအောင်မြင်ချေ။ ရွှေပုံရေတိမ်နစ်ရမည့်အခြေအနေတွင် သူပုန်ဗိုလ်တစ်ဦးရောက်ရှိလာပြီး ခင်မောင်ကို ယုတ်မာဖောက်ပြန်မှုများအတွက် ဖမ်းဆီးသည်။ လူဆိုးဘဒင်ကိုလည်း ဖမ်းဆီးကာ နှစ်ယောက်စလုံးကို သတ်ပစ်လိုက်လေသည်။

ရွှေပုံရွာသို့ပြန်လာခဲ့သည်။ ဖခင်ကြီးမှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ မောင်ငယ်ဖိုးကောင်းမှာ သာသနာ့ဘောင်သို့အပြီးဝင်သွားလေသည်။ ရွှေပုံမှာ အထီးကျန်ဖြစ်နေသည်။ မောင်ပန်းဇကလည်း ရောက်ချိန်တန်သော်လည်း ရောက်မလာ။ မမြရင်တို့က ရွှေပုံကို သူပုန်မယားဟုဆိုကာ ဝိုင်းပယ်ကြသည်။ မောင်ပန်းဇနှင့်လည်း သဘောမတူဟုဆိုကြသည်။

ထို့ကြောင့် ရွှေပုံသည် သဲဖြူရွာတွင် မနေလိုတော့သဖြင့် သူငယ်ချင်းဖြစ်သူ နန်းမှုံနှင့်အတူ မန်ကျည်းချိုရွာသို့ပြောင်းကာ ယာလုပ်ငန်းလုပ်ရင်း နေထိုင်ခဲ့သည်။ ထိုရွာရှိ ကျောင်းဆရာဟောင်း မြတ်စံက ရွှေပုံကိုပိုးသည်။ လက်မခံ၊ မောင်ပန်းဇကိုသာ စောင့်မျှော်လျက်ရှိသည်။

အချိန်အတန်ကြာမှ မောင်ပန်းဇ ပြန်ရောက်လာသည်။ မြရင်က ရွှေပုံအကြောင်းစုံကို မောင်ပန်းဇထံပြောပြရာမှ မောင်ပန်းဇက ရွှေပုံကိုမယူတော့၊ မနက်ဖြန်ရန်ကုန်သို့ပြန်မည်။ ရွှေပုံအတွက် ရည်စူးဝယ်လာသောဆွဲကြိုးကို မြရင်ထံတွင် အချိန်မရွေး လာယူနိုင်ဟု သတင်းပို့သည်။

ရွှေပုံသည် မောင်ပန်းဇအပြန်လမ်းမှ ကြို၍စောင့်သည်။ မတွေ့၊ နောက်ဆုံး ရေတဝေါဝေါစီးနေသော သဲဖြူချောင်းထဲသို့ ခုန်ဆင်းကာ သေကြောင်းကြံလေသည်။ မောင်ပန်းဇက ကယ်တင်ခဲ့သည်။ မောင်ပန်းဇသည် ဒေါ်ခါဥထံမှ ခင်မောင်နှင့်ရွှေပုံတို့၏ အဖြစ်အပျက်စုံကိုကြားသိရပြီး ရွှေပုံရှိရာ မန်ကျည်းချိုရွာသို့ သွားသည်။ ရွှေပုံကိုမတွေ့၊ ပြန်အလာ သဲဖြူချောင်းတွင် ရွှေပုံသေကြောင်းကြံသည်ကိုတွေ့ရှိပြီး ကယ်တင်ခဲ့ခြင်းဖြစ်သည်။ ဤတွင် ချစ်သူနှစ်ဦး ပြန်လည်အမြင်မှန်များ ရရှိလာကြခြင်းဖြင့် ဇာတ်သိမ်းသည်။

**❖ ဝေဖန်ရေးဆရာများက ဤယမုန်ဝတ္ထုနှင့်ပတ်သက်ပြီး ဤသို့ဝေဖန်ခဲ့ကြသည်။ အညာကျေးလက်ဒေသကိုအခြေခံသော်လည်း၊ အညာကျေးလက်ဝေါဟာရများကို တွင်ကျယ်စွာသုံးနှုန်းထားသော်လည်း၊ အညာဒေသ၏ ယာလုပ်ငန်းသဘာဝအကြောင်းများကို လှပစွာခြယ်မှုန်းထားသော်လည်း အညာဒေသသရုပ်ဖော်ဝတ္ထုဟု ဆိုနိုင်ရန်ခဲယဉ်းသည်။ အညာကျေးလက်သူရွှေပုံ၏ ဒုက္ခသုက္ခအဖုံဖုံကို နာကြည်းထိခိုက်ဖွယ်ရာ ဖွဲ့နွဲ့ထားသော အချစ် အလွမ်း ဝတ္ထုတစ်ပုဒ်ဟုဆိုလျှင် ပို၍မှန်ကန်စရာရှိသည်ဟု ဆိုပါသည်။ ❖**

ဝေဖန်ရေးဆရာများက ဤယမုန်ဝတ္ထုနှင့်ပတ်သက်ပြီး ဤသို့ဝေဖန်ခဲ့ကြသည်။ အညာကျေးလက်ဒေသကို အခြေခံသော်လည်း၊ အညာကျေးလက်ဝေါဟာရများကို တွင်ကျယ်စွာသုံးနှုန်းထားသော်လည်း၊ အညာဒေသ၏ ယာလုပ်ငန်းသဘာဝအကြောင်းများကို လှပစွာခြယ်မှုန်းထားသော်လည်း အညာဒေသသရုပ်ဖော်ဝတ္ထုဟု ဆိုနိုင်ရန်ခဲယဉ်းသည်။

အညာကျေးလက်သူရွှေပုံ၏ ဒုက္ခသုက္ခအဖုံဖုံကို နာကြည်းထိခိုက်ဖွယ်ရာ ဖွဲ့နွဲ့ထားသော အချစ် အလွမ်း ဝတ္ထုတစ်ပုဒ်ဟုဆိုလျှင် ပို၍မှန်ကန်စရာရှိသည်ဟုဆိုပါသည်။

ဤယမုန်သည် အညာဒေသရှိ ယာသမားတို့၏ ဘဝအသွင်အပြင်ကို ပီပြင်စွာပြဆိုခြင်းမရှိသော်လည်း ကောင်းသောစေတနာနှင့် ဦးတည်ချက်ရှိသော ဝတ္ထုဖြစ်သည်။ အညာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေချင်သည်။ ကျေးလက်ဒေသသားတို့ ခေတ်မီစေချင်သည်။ ဆည်မြောင်းတာတမံနှင့် ခေတ်မီစိုက်ပျိုးရေးကို မျှော်မှန်းသည်။

ရွှေပုံတို့မိသားစု ဒုက္ခရောက်ရပုံနှင့် ရွှေပုံနှင့်မောင်ပန်းဇတို့၏ အချစ်အလွမ်းကို အသားပေးဖော်ပြလွန်းသဖြင့်သာ ဦးတည်ချက်ပိုင်း တောက်ပြောင်သင့်သလောက် မတောက်ပြောင်ရခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဤယမုန်သည် ပထမဆုံး ရှမဝတစ်ထောင်ဆုရဝတ္ထုရှည်ဖြစ်သည်။ ၁၉၅၃ ခုနှစ်က ဆုချီးမြှင့်ခြင်းခံရသည်။ ဤယမုန်သည် ရုပ်ရှင်ရိုက်ကူးခြင်းခံရသည်။ ဆရာငွေလင်း၏ ဆုရဝတ္ထုရှည်တစ်ပုဒ်မှာ "ပင်းမြို့သူ" ဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆုရခဲ့သည်။ ဤဝတ္ထုကိုလည်း ရုပ်ရှင်ရိုက်ကူးခဲ့လေသည်။

အခြားထင်ရှားသောဝတ္ထုများမှာ "မြို့လုလင်မှ ပုန်ကန်ခြင်း"၊ "ရန်ကုန်စစ်တလင်းနှင့် သူရဲတစ်ထောင်" တို့ဖြစ်သည်။

ယဉ်ကျေးမှုမဂ္ဂဇင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ နဝဒေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာလုပ်ခဲ့သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

# လက်ပံတန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဂုံညင်းတန်းကျေးရွာအုပ်စု ချောင်းသုံးခွကျေးရွာနှင့် ရေငံကျေးရွာအုပ်စု စီတုံးကျေးရွာတို့၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက ချောင်းသုံးခွကျေးရွာနှင့် စီတုံးကျေးရွာတို့၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ချောင်းသုံးခွကျေးရွာ၌ အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၄ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ စီတုံးကျေးရွာ၌ အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ကိုးသန်းဖြင့်လည်းကောင်း ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ရာ ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၈၂ အိမ်၊ လူ ၁၇၈၆ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ပြောပြ၍ သိရသည်။

**သန္တာ**

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၄ ရက်နေ့** (အစား) **၁၂-၈-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**


## တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ရက်လျှင် ဆီတန်ချိန် ၂၀ ထွက်ရှိမည့် စားအုန်းဆီစက်ရုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားမည်



ရန်ကုန်မြို့ရှိ စားအုန်းဆီစက်ရုံကို တွေ့ရစဉ်။

**ထားဝယ် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ရက်လျှင် ဆီတန်ချိန် ၂၀ ထွက်ရှိမည့် စားအုန်းဆီစက်ရုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

အဆိုပါတစ်ရက်လျှင် ဆီတန်ချိန် ၂၀ ထွက်ရှိမည့် စားအုန်းဆီစက်ရုံကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာ ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိပြီး ဆီအုန်းကနေ ဆီတန်ချိန် အများအပြား ထွက်ရှိနေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒီလိုဆီတန်ချိန် လုံလုံလောက်လောက် ထွက်ရှိနေပေမဲ့လဲ ဆီစက်ရုံမရှိတာကြောင့် တနင်္သာရီတိုင်းဒေသကြီးရဲ့ ဆီဖူလုံမှုရာခိုင်နှုန်းဟာ သုည ဒသမ ၂၅ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး စားအုန်းဆီစက်ရုံ တည်ဆောက်နိုင်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုစိုးက ပြောပြသည်။

အဆိုပါ စားအုန်းဆီစက်ရုံ တည်ဆောက်နိုင်ရေးအတွက် တရုတ်နိုင်ငံရှိ ဆီစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း၊ ယခင်က တစ်ရက်လျှင် ဆီ ၁၀ တန် ထွက်ရှိမည့် စားအုန်းဆီစက်ရုံ တည်ဆောက်ရန်ဖြစ်သော်လည်း ကုန်ကျမှုတွင် ကွာဟမှုနည်းပါးသည့်အတွက် ၁၀ တန်အစား ဆီတန်ချိန် ၂၀ ထွက်ရှိမည့် စားအုန်းဆီစက်ရုံတည်ဆောက်သွားရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစားအုန်းဆီ လိုအပ်ချက်ကို ပြည်တွင်းဆီထုတ်လုပ်မှုဖြင့် မဖြည့်ဆည်းနိုင်သဖြင့် နှစ်စဉ်ပြည်ပမှ စားအုန်းဆီတန်ချိန် ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ နှစ်စဉ် စားသုံးရန်နှင့် လုပ်ငန်းသုံးရန် ဆီလိုအပ်ချက်တန်ချိန် ၁ ဒသမ ၁ သန်းခန့်ရှိပြီး ဆီလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်ထိ ပြည်ပမှ တင်သွင်းနေရကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုစိုးက ပြောပြ၍ သိရသည်။

ASH

## ဘားအံမြို့နယ်၌ မူးတခွီး-ရွှေပြည်ထောင် ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းနေမှု စစ်ဆေး

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ မူးတခွီး-ရွှေပြည်ထောင်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မူးတခွီး-ရွှေပြည်ထောင် ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်သုည ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မိုးထက်တိမ်လွှာကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို ယခုဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၈၉ ဒသမ ၀၅၉ သန်းဖြင့် မိုးထက်တိမ်လွှာကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် မေ ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။

**ငယ်လေး**



**ခြင်ဆေးခွေသုံးလျှင် သတိယူ၍ အောက်တွင်ခံခွက် မမေ့နှင့်**

## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး အလုပ်အမှုဆောင်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် ၁၂၆၀-ပြည့်နှစ်က စတင်တည်ထောင်ခဲ့သော အသင်းကြီးဖြစ်ပြီး နှစ်ပေါင်း(၁၂၅-နှစ်)ရှိပြီဖြစ်ပါသည်။ ဘာသာ သာသနာအတွက် ကောင်းသောဂုဏ်သတင်းဖြင့် ဗုဒ္ဓဘာသာဝင်များအကြား ထင်ရှားကျော်ကြားပြီး စည်းကမ်းပြည့်ဝသောအသင်းကြီးတစ်သင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း ရဟန်းရှင်လူအများ သိရှိကြပြီးဖြစ်ပါသည်။

တစ်နှစ်လျှင် စာမေးပွဲသုံးရပ်ကျင်းပပြီး ပညာတတ်ရဟန်းတော်များကိုလည်း နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါသည်။ သာသနာတော်ကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိနေသော အသင်းကြီးဖြစ်ကြောင်းကိုလည်း ရဟန်းရှင်လူပြည်သူများ သိရှိကြပြီးဖြစ်ပါသည်။

အသင်းကြီး၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဖြစ်ပေါ်လာသောပြဿနာများနှင့်ပတ်သက်၍လည်း အသင်းကြီး၏သြဝါဒါစရိယဆရာတော်ကြီးများ၊ ကိုးကွယ်ခံဆရာတော်ကြီးများကို အသင်းကြီးမှ ခေတ်အဆက်ဆက်ခန့်ထားလျှောက်ထား ဆောင်ရွက်တော်မူခဲ့ကြ၍ ယနေ့အချိန်ထိ အသင်းကြီးနှင့်ပတ်သက်၍ ပြဿနာကြီးကြီးမားမားဟူ၍ တစ်စုံတစ်ရာမရှိခဲ့ပါ။

ထိုသို့ ကောင်းမြတ်သောဂုဏ်သတင်းဖြင့် သာသနာပြုနေသော်လည်း ယခုရက်ပိုင်းအတွင်း အသင်းကြီးကောင်းကျိုးကိုမလိုလားသူ လူတစ်စုမှ လူမှုကွန်ရက်ဖေ့ဘွတ်(ခ်)စာမျက်နှာပေါ်တွင် အသင်းကြီး၏အမှတ်တံဆိပ်(Logo)နှင့် အသင်းကြီး၏ ပင်မအဆောက်အဦပုံတို့အား အသင်းတာဝန်ရှိလူကြီးများ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ **"ပရိယတ္တိသာသနဟိတအသင်းကာကွယ်စောင့်ရှောက်ရေး"** ဟူသောစာသားကိုအသုံးပြုလျက် ဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းမှ အသင်းကြီးအပေါ် (အသင်းလူကြီးများအပေါ်) ထင်ယောင်ထင်မှားဖြစ်စေမည့် စာသားများကိုရေးသားပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လွှင့်တင်လျက်ရှိနေကြောင်း အထောက်အထားဖြင့် သိရှိရပါသည်။ မမှိတ်ဆွေများကိုလည်း Like & Share များပြုလုပ်ပေးကြပါရန် လှုံ့ဆော်လျက်ရှိနေပါသည်။ ထိုသို့ လှုံ့ဆော်ရေးသားလွှင့်တင်ထားသော စာသားများ၊ တယ်လီဖုန်းနံပါတ်များကိုလည်း အတိအကျရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းကြီးနှင့်ပတ်သက်၍ မမှန်မကန်ရေးသားပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြနေသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် အသိပေးကြေညာပါသည်။ ဆက်လက်ပြုမူဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ငွေ
LL.B, B.sc, H.G.P, PGDL, DBL, DLD, DL-101,IP Law(Swiszerland)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၃)၊ ၂၉× ၇၄လမ်းထောင့်၊ စိတ္တရမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၆၈၄၀၊ ၀၉-၇၈၂၀၁၆၈၄၀


## အရောင်းဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်းအရောင်းပိုင်းဆိုင်ရာအတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်ချင်သော ဝန်ထမ်းများအလိုရှိသည်။

**အမှတ်စဉ်(1)** Sale Leader **ကျား/မ (4) ဦး**
- အရောင်းလုပ်ငန်းအတွေ့အကြုံ (3)နှစ်အထက်
- လစာ + % (400000)အထက်

**အမှတ်စဉ်(2)** Sale Representative **ကျား/မ (6) ဦး**
- အရောင်းလုပ်ငန်းအတွေ့အကြုံ (1)နှစ်အထက်
- လစာ + % (300000)အထက်

အမှတ်စဉ်အားလုံးအတွက် ပညာအရည်အချင်းအနည်းဆုံး အထက်တန်းအဆင့်ရှိရမည်။ အသက် (20) မှ (32)ကြား၊ ယာဉ်မောင်းလိုင်စင်ရှိ၍ မန္တလေးမြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

- **အလုပ်လျှောက်ထားရန်အချိန်။** ။ နံနက် (၉)နာရီ မှ ညနေ (၅)နာရီ (ဥပုသ်ပိတ်)
- **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်။** ။ ၃၀-၈-၂၀၂၃ အထိ

လိပ်စာ- Quality Star Distribution Group Co.,Ltd
67 (A)လမ်း၊ 42 လမ်းထောင့်
ဖုန်း- 09-798925833 , 09-772688880, 09-773688880

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မန္တလေး အမရပူရမြို့နယ်၊ မောင်းတန်းရပ်နေ (ဘ) ဦးညွန့်ကြည်၏သမီး မပန်းအိ (၉/အမရ(နိုင်)၀၈၆၉၇၃) ၏အမည်မှန်မှာ မရွှေဇင်ဝင်း(ခ)မပန်းအိ၊ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်အရ ၁၃-၁-၁၉၇၉ ဖြစ်ပါကြောင်း။ **မရွှေဇင်ဝင်း(ခ)မပန်းအိ (၁၃-၁-၁၉၇၉)**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်နေ မောင်ဝင်းစိုး (ဘ) ဦးမြင့်စိန် (၅/ဒပယ(နိုင်)၀၂၃၇၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-144980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၉၄၀၂၀

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မောင်ဘိုးဖြူ (ဘ) ဦးညို (၅/ကနန(နိုင်)၁၁၃၈၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-661048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၇၁၁၆၅၅၃

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၆၃၉၊ ကဥ္စနမဟီရပ်နေ မစန္ဒာဝင်း (ဘ) ဦးလောက်အဲ (၉/ခအဇ(နိုင်)၀၀၁၈၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-768958) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၉၄၆၆၅၀၃**

စာအုပ်စာပေ လှူမိတ်ဆွေ

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းသည် အစိုးရအတွက် မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်...

❖ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ...

❖ မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၈ ရက်တွင် ပြုလုပ်သော တပ်ကုန်းမြို့နယ် ရွာတောကျေးရွာဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအားကစားဖလှယ်ခြင်းနှင့် လှူဒါန်းငွေပေးအပ်ခြင်းအခမ်းအနားကျင်းပ



မြန်မာ-တရုတ် ချစ်ကြည်ရေးလှေလှော်ပြိုင်ပွဲကျင်းပနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၆**

ဟန်ကျိုးအာရှအားကစားပြိုင်ပွဲကို ကြိုဆိုခြင်းအထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေးအားကစားဖလှယ်ခြင်းနှင့် လှူဒါန်းငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်သံအမတ်ကြီး **H.E. Mr Chen Hai** နှင့် သံရုံးမိသားစုဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၃ ရက်ထိ

**စာမျက်နှာ ၁၈ ကော်လံ ၄ ■**


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၁၆၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း

ငုသီစံသူ G & G Store ဆိုင်များ

Online

Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး- မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု